ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ စနေနေ့ (4-1-2014) (၇၇၁၅)

တိုင်းရင်းသားပြည်သူများ၏ တာဝန်

မြန်မာ့လွတ်လပ်ရေးသည် တိုင်းရင်းသားညီအစ်ကိုအပေါင်းနှင့် ဘိုးဘွားတို့၏ အသက်ပေါင်းများစွာဖြင့် လဲလှယ်ခဲ့ရပါသည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးကြီး သားစဉ်မြေးဆက် ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်မှာ ယနေ့နှင့် အနာဂတ်တိုင်းရင်းသား ပြည်သူများ၏ တာဝန်ဖြစ်ပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့သို့ ပေးပို့သောသဝဏ်လွှာမှ-

ယနေ့အချိန်အခါသည် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားသွေးချင်းများအားလုံးက နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်အခါဖြစ်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဖြစ်သော ဤနေ့ထူးနေ့မြတ်အခါသမယ၌ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားသွေးချင်းများ စည်းလုံးညီညွတ်ချစ်ကြည်စွာ နေထိုင်လျက်ရှိသော အမိမြန်မာနိုင်ငံတော်သည် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် ရှေးပဝေသဏီကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ မျိုးချစ်စိတ်ဓာတ်ထက်သန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော အမျိုးသားရေး စိတ်ဓာတ်တို့ဖြင့် သွေးစည်းညီညွတ်စွာ ရှုပ်ရှုပ်ချွံချွံအတူတကွ လက်တွဲတွန်းလှန်ခဲ့ခြင်းကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၆၆) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-

အမိမြန်မာနိုင်ငံတော်ကို အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ထာဝရရပ်တည်နိုင်ရေးအတွက် အတိတ်သမိုင်းပေး သင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော အမျိုးသားရေးတာဝန်များကို ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပေသည်။

ယနေ့အချိန်အခါသည် အတိတ်သမိုင်းက မိမိတို့တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားသွေးချင်းများအားလုံးက နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်အခါဖြစ်ပါသည်။ များမကြာမီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ကျင်းပရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေအသီးသီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ စားဝတ်နေမှု ပြည့်စုံလုံခြုံရေးတို့အတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူအပေါင်း၏ ဆန္ဒနှစ်ရပ်ဖြစ်သော တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသော နိုင်ငံဖြစ်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ စာတည်းရှုထောင့် ၄-၁-၂၀၁၄၊ စနေနေ့

ကမ္ဘာမကြေ မြန်မာပြည်

“ထီးသုဉ်း နန်းသုဉ်း ကြငှန်းသုဉ်း၍ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့် သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ တို့တစ်တွေသည် သေသော် မှတည့် ဩော်ကောင်း၏”ဟု ဆီးဘန်းနီဆရာတော်က လွတ်လပ်ရေး ဆုံးရှုံးရချိန် အဖြစ်သနစ်ကို ရေးသားထားခဲ့သည်။

လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အဖြစ်သည် မြန်မာတို့အတွက် ရင်နင့်စရာ မဖြေသာဘဲ ဥဒါန်းမကျေနိုင်သော သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ ထိုအဖြစ်မျိုးကို နောင်အခါမကြုံရစေရေးအတွက် လွတ်လပ်ရေးရရှိခဲ့သော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်သူလူထုတစ်ရပ်လုံးက “ကမ္ဘာမကြေ၊ မြန်မာတစ်တွေ၊ တို့ ဘိုးဘွား အမွေစစ်မို့၊ ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို၊ အသက်ပေးလို့၊ တို့ ကာကွယ်မလေ၊ ဒါတို့ပြည်. . ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ. . ” သံပြိုင်စတင်ဟစ်ကြွေး ခဲ့ကြပါသည်။

လွတ်လပ်ရေးသည် မြန်မာတို့၏အသက်သွေးဖြစ်ပါသည်။ လွတ်လပ်ခြင်းဘဝနှင့် မလွတ်လပ်ခြင်းဘဝ များစွာကွာခြားပုံကို ထိုခေတ်ထိုအခါက မြန်မာတို့သိကြသောကြောင့် ကျွန်ဘဝလူဖြစ်ရခြင်းထက် သေဆုံးခြင်းသည်သာ အကောင်းဆုံးဖြစ်ပုံကို ဆီးဘန်းနီဆရာတော်က ဖွင့်ဆိုပြခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးဆုံးရှုံးရပုံကို နဖူးတွေ့ ဒူးတွေ့ကြုံတွေ့ခဲ့ရသော ရှေးမြန်မာတို့အနေဖြင့် သူ့ကျွန်အဖြစ် မခံလိုသောကြောင့် အမျိုးသားရေး စိတ်ဓာတ်နိုးကြားထက်သန်ကာ မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ၊ အချင်းချင်းညီညွတ်ကြပါ၊ အချင်းချင်းရိုင်းပင်းကြပါ ဟူ၍နှိုးဆော်ကြပြီး အမျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်၊ မြန်မာတို့၏ ဇွဲသတ္တိစိတ်ဓာတ်များဖြင့် လွတ်လပ်ရေးကို အရယူခဲ့ကြသည်။

လွတ်လပ်ရေးရရှိသည့် အချိန်က “တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည်. . တို့မြေ၊ များလူခပ်သိမ်း ငြိမ်းအေးစေဖို့၊ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်၊ တို့ပြည်. . တို့မြေ၊ ပြည်ထောင်စုအမွေ၊ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ”ဟု သန္နိဋ္ဌာန်ပြုထားခဲ့ကြသည်။

ယနေ့လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်မှာ နှစ်ပေါင်း (၆၆) နှစ်ရှိနေပြီဖြစ်သည်။ လွတ်လပ်ရေးရရှိပင်ရရှိငြားသော်လည်း ထိုကာလများအတွင်း လွတ်လပ်ရေးကို ထိပါးနှောင့်ယှက်မှုများ၊ စိန်ခေါ်မှုများစွာတို့နှင့် ကြုံတွေ့ခဲ့ဖူးပါ၏။ သို့သော်လည်း အထက်ပါ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေး ရစကာလများက မြန်မာတို့ကြွေးကြော်ခဲ့ကြသည့်အတိုင်း မြန်မာတို့၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်များဖြင့် မြန်မာပြည်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသောကြောင့် လွတ်လပ်ရေးသည် ယနေ့တိုင် တည်တံ့ခိုင်မြဲနေခြင်း ဖြစ်ပါသည်။

သမိုင်းကပြောသော လွတ်လပ်ရေး၏အရသာ၊ လွတ်လပ်ရေး၏တန်ဖိုးများကို မြန်မာတစ်မျိုးသားလုံး သိရှိနားလည်ထားကြပါသည်။ သိရှိနားလည်ထားကြရန် လိုအပ်ပါသည်။ ရရှိပြီးသော လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရအောင် မြန်မာတစ်မျိုးသားလုံး၏ စိတ်သန္တာန်တွင် သန္ဓေတည်ခဲ့သည့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် ကျွန်ုပ်တို့နိုင်ငံနှင့် ကျွန်ုပ်တို့လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက် သွားကြရမည်ဖြစ်သည်။

ယခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချမှတ်ထားသော ဦးတည်ချက်များသည် လွတ်လပ်ရေးအတွက် မြန်မာတစ်မျိုးသားလုံး ဆက်လက်ခံယူထားရမည့် ဦးတည်ချက်များဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ကြရမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကြရပေမည်။

လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်။

သို့မှသာ သမိုင်းအမွေ ကမ္ဘာမကြေ မြန်မာပြည်သည် အစဉ်ထာဝရ တည်တံ့ခိုင်မြဲသည့် လွတ်လပ်သော နိုင်ငံတော်ကြီးအဖြစ် တည်ရှိနေမည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

ဂျပန်မူရင်းမျိုးစပါး၊ ပိန်းဥ၊ ကန်စွန်းဥနှင့်မြေပဲမျိုးသန့် မျိုးပွားစိုက်ခင်းများ နေပြည်တော်၌ ဖြစ်ထွန်းအောင်မြင်

နေပြည်တော် ဇန်နဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် တူရကီနိုင်ငံမှ စီးပွားရေးနှင့် စိုက်ပျိုးရေးပညာရှင် Dr.Arjar Aygun နှင့် ယနေ့နံနက် ၇ နာရီတွင် မျိုးသန့်မျိုးပွားစိုက်ခင်းရှိ ဂျပန်နိုင်ငံမူရင်းမျိုး ဟီတိုမိဘိုရီစပါးမျိုး၊ ဆာဆာနီရှိကီစပါးမျိုး၊ ဟီနိုဟီကာရီစပါးမျိုး၊ မာနာမူဆာမိစပါးမျိုးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုများ၊ ကန်စွန်းဥစိုက်ခင်း၊ ပိန်းဥစိုက်ခင်း၊ မြေပဲစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **(ယာပုံ)**

ထို့နောက် အစေ့စားနေကြာမျိုးသန့်မျိုးပွားစိုက်ခင်း ပိန်းဥမျိုးသစ်များ၊ ဥတ္တရသီရိမြို့နယ်ရှိ စက်စက်ယို ဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်းရှိ ပိန်းဥစိုက်ခင်း၊ ကန်စွန်းဥစိုက်ခင်း၊ ဘူး၊ ဖရုံ၊ ခဝဲ၊ ကြက်ဟင်းခါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဆန်စပါးနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ပြည်တွင်းစားသုံးမှုပိုလျှံနေခြင်းကို ပြည်ပဈေးကွက်သို့ ခိုင်ခိုင်မာမာတင်ပို့ရောင်းချနိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မာသော ဈေးကွက်ရရှိရေးသည် အလွန်အရေးကြီးသော လိုအပ်ချက်ဖြစ်ပြီး ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတကာဈေးကွက်တွင် အရည်အသွေးအဆင့်အတန်း ယှဉ်ပြိုင်မှုသာလျှင် မိမိနိုင်ငံ၏ လယ်ယာထွက်ကုန်များအတွက် ခိုင်မာသော ဈေးကွက်နေရာရရှိမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတကာဈေးကွက်နှင့်ချိတ်ဆက်၍ လယ်ယာထွက်ကုန်များ ရောင်းချနိုင်ရေးအတွက် တစ်ချိန်တည်း တစ်ပြိုင်တည်း မျိုးကောင်းမျိုးသန့်များအား တောင်သူများလက်ဝယ်ဖြန့်ဖြူးရေးအပါအဝင် တစ်ဆက်တစ်စပ်တည်း သီးနှံအမယ်အလိုက် စီးပွားဖြစ်စိုက်ကွင်းကြီးများပေါ်ထွန်းလာရေးအတွက် ပထမအဆင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်	ရွှေဈေး	၆၅၂၂၀၀	-	၆၅၃၂၀၀
မန္တလေး	ရွှေဈေး	၆၅၁၈၀၀	-	၆၅၂၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၄၈. ၀
(ဂ)	တရုတ်	တစ်ယွမ်	=	၁၆၃. ၁၂
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉. ၈၈၂
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၉. ၄၁
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၅. ၈၃၁
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၁. ၂၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၃. ၇၂၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၇၇. ၇၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၇၈. ၀၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



☆ **ရှေ့ဖုံးမှ**

ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရအုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးအောင် ပြုပြင်ပြောင်းလဲမှုစသော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် ဆင်းရဲနွမ်းပါးမှုအများဆုံးဖြစ်နေသည့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားအောင် ဆင်းရဲမှုလျှော့ချရေးအတွက် ဦးစားပေးဆောင်ရွက်နေသကဲ့သို့ တိုင်းပြည်၏ စီးပွားရေးကို ပိုမိုတိုးတက်အောင် ထူထောင်နိုင်ရေးအတွက် အရင်းအနှီးနှင့်နည်းပညာများရရှိအောင် ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်ပြီးပညာရည်မြင့်မားသော နိုင်ငံသားများကသာ နိုင်ငံတော်၏ အနာဂတ်ကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ရာ အမျိုးသားကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကို လက်တွေ့ကျသောအကောင်အထည်ဖော်မှုများဖြင့် စီမံဆောင်ရွက်လျက်ရှိပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံနှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ် ယုံကြည်လေးစားမှုတိုးမြင့်လာခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံထံမှ လွှဲပြောင်းရယူခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကိုလွှဲပြောင်းတာဝန်ယူဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် အရေးကြီးသည့် တာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေသည့် နိုင်ငံရေးဖြစ်စဉ်နှင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာအသိုင်းအဝိုင်းက ယုံကြည်ပြီး တာဝန်လွှဲအပ်ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံသားအားလုံးအတွက် ဂုဏ်ယူစွာဆောင်ရွက်ခွင့်ရခြင်းလည်းဖြစ်ပေသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဘက်ဘက်မှအခြေအနေကောင်းများ၊ အလားအလာကောင်းများရှိနေပြီဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ဆောက်ရေးသည် မလွဲမသွေအောင်မြင်ရမည်ဟူသော ယုံကြည်ချက်သန္နိဋ္ဌာန်ဖြင့်-

(၁) ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံးမျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

(၃) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(၄) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး

ဟူသော ၂၀၁၄ ခုနှစ်၊ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့၏ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို လေးနက်ခိုင်မာစွာခံယူပြီး တာဝန်သိသိသစ္စာရှိရှိဖြင့် သွေးစည်းညီညွတ်စွာလက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ဩစတြေးလျနေသဟာယနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော် သမ္မတကြီးနှင့် မြန်မာပြည်သူများအတွက် မိမိနှင့် ဩစတြေးလျအစိုးရအဖွဲ့၊ ဩစတြေးလျပြည်သူများက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ ၂၀၁၃ ခုနှစ် မတ်လအတွင်းက ဩစတြေးလျခရီးစဉ်နှင့် မိမိ၏ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံ ခရီးစဉ်များအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ကဏ္ဍများကို ဆွေးနွေးညှိနှိုင်းခွင့်ရခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့အတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အရေးပါသော နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက အာဆီယံအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးညီလာခံတို့ကို လက်ခံကျင်းပသွားမည်ဖြစ်သလို ဩစတြေးလျနိုင်ငံက ဂျီ -၂၀ ထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဩစတြေးလျနိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ပြီး အထူးသဖြင့် ဖွံ့ဖြိုးမှုအကူအညီအစီအစဉ်များတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများတွင် ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် မြန်မာအစိုးရရင်ဆိုင်နေရသော စိန်ခေါ်မှုများတွင် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဩစတြေးလျစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်နှင့် ကုန်သွယ်မှုပြုရန် ပိုမိုစိတ်ဝင်စားလာသည့်အတွက် မိမိကျေနပ်နှစ်သက်ရပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံမှုများသည် ၂၀၁၄ ခုနှစ်တွင် ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မမ်နွန်ဟူစိန်ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆက်ဆံလာခဲ့သည့်နိုင်ငံများဖြစ်ပြီး အနာဂတ်တွင် နှစ်နိုင်ငံပူးပေါင်းဆက်ဆံမှုများသည် ပိုမိုတည်တံ့ခိုင်မြဲလာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မူဟာမက်နဝပ်ဇ်ရှာရစ်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ပေးပို့သော သဝဏ်လွှာတွင်လည်း ပါကစ္စတန်အစိုးရနှင့် ပါကစ္စတန်ပြည်သူများကိုယ်စား မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီး၊ မြန်မာအစိုးရအဖွဲ့နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံမှုသည် အရေးပါပြီး အနာဂတ်တွင် ပိုမိုရင်းနှီးစွာပူးပေါင်းဆက်ဆံလာနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရအဖွဲ့၊ အယ်လ်ဂျီးရီးယားပြည်သူများကိုယ်စား အဆွေတော်သမ္မတကြီး ကျန်းမာပျော်ရွှင်စွာရှိပါစေကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာပြည်သူများ ပိုမိုတိုးတက် ကြွယ်ဝချမ်းသာပါစေကြောင်း၊ အဆွေတော်သမ္မတကြီးနှင့်အတူ မိမိတို့နှစ်နိုင်ငံ၏ အပြန်အလှန်ဆက်ဆံမှုမြှင့်တင်ရန်နှင့် နှစ်နိုင်ငံပြည်သူများအတွက် အပြန်အလှန်အကျိုးကျေးဇူးများဖော်ဆောင်နိုင်ရန် အခွင့်အရေးကို မိမိဖမ်းဆုပ်လိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒဲလ်အာဇတ်ဘူတီဖလီကာထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သောသဝဏ်လွှာတွင် ဖော်ပြထားသည်။

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီး၊ မြန်မာအစိုးရအဖွဲ့နှင့် မြန်မာပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာရှိပါစေဟု မိမိဆန္ဒပြုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဗုဒ္ဓဝါဒကိုအခြေခံပြီး ရှည်လျားသည့် သမိုင်းကြောင်းနှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆက်ဆံလာခဲ့သည့် နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအဆင့်မြင့်အရာရှိများ အပြန်အလှန်သွားလာလည်ပတ်မှုနှင့် မကြာသေးမီကာလအတွင်း နှစ်နိုင်ငံပြည်သူများအချင်းချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများသည်လည်း ပိုမိုတိုးတက်လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် လာမည့်နှစ်များအတွင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုတိုးတက်ခိုင်မာလာမည်ဟု မိမိယုံကြည်ပါကြောင်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါရာဂျာပတ်စ်စာထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သောသဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

အလားတူ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒီအယ်ဂျာယာရာနီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းတို့ထံသို့ မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးအတွက် ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ ရုပ်မြင်သံကြားစကားဝိုင်းအစီအစဉ်ကို ရိုက်ကူးထုတ်လွှင့်ခဲ့ရာ ထိုစကားဝိုင်းတွင် ဥပဒေပါမောက္ခ(ငြိမ်း) ဒေါက်တာဒေါ်သန်းနွဲ့၊ ပါမောက္ခချုပ်များဖြစ်ကြသော ဒေါက်တာမောင်သင်းနှင့် ဒေါက်တာအောင်သူတို့ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုတွင် "မြန်မာ့ပညာရေး မျှော်မှန်းချက်နှင့်ဆောင်ရွက်မည့် အစီအစဉ်" (National Education Framework) ကို တိကျစွာသတ်မှတ်ထားရန် လိုအပ်ခြင်း၊ နိုင်ငံတော်၏ ပညာရေးမူဝါဒများနှင့် ရည်မှန်းချက်များ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးစနစ်များ၊ ပညာရေးဆိုင်ရာ နိုင်ငံသားတိုင်း၏ အခွင့်အရေးနှင့် တာဝန်များကို သတ်မှတ်နိုင်ရန်နှင့် ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များနှင့် သင်တန်းများသည် နိုင်ငံတော်၏ပညာရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်တို့အတွက် "အမျိုးသားပညာရေးဥပဒေ" တစ်ရပ်ပြဋ္ဌာန်းရန်သင့်ကြောင်းနှင့် ထိုအမျိုးသားပညာရေးဥပဒေ(မူကြမ်း) ရေးဆွဲရာတွင် ပါဝင်သင့်သောအခန်းများမှာ အမည်၊ အာဏာတည်သည့်နေ့ရက်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ ရည်မှန်းချက်များ၊ ပညာရေးအခြေခံမူများ၊ ပညာရေးရယူနည်းနှင့်အမျိုးအစားများ၊ ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကဏ္ဍ၊ ဆရာအတတ်သင်ပညာရေးကဏ္ဍ၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍ၊ ပညာရေးဆိုင်ရာ တာဝန်နှင့် အခွင့်အရေးများ၊ ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံနိုင်မှု၊ ဘဏ္ဍာရေး၊ အထွေထွေ ဟူ၍ (၁၄)ခန်းပါဝင်ကြောင်း၊ ထို့အတူ အဆင့်မြင့်ပညာကဏ္ဍ၌ တက္ကသိုလ်များတွင် Academic Autonomy ရှိရမည်ဖြစ်ပြီး ယင်းတွင်လည်း ပညာရပ်ဆိုင်ရာလွတ်လပ်ခွင့်၊ ပညာရပ်ဆိုင်ရာကိုယ်ပိုင်စီမံဆောင်ရွက်ခွင့်၊ အဆင့်မြင့်ပညာသင်ကျောင်းများ၏ နယ်ပယ်အဝန်းအဝိုင်းကို ထိပါးမှုမှ တားဆီးနိုင်ခွင့်တို့ ပါဝင်သင့်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အထက်ပါ အကြောင်းအရာများနှင့်ပတ်သက်၍ ပြည်သူများထံမှ ဖြည့်စွက်လိုသော အကြံပြုချက်များကို တက္ကသိုလ်စိန်ရတုခန်းမ တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဇန်နဝါရီ ၁၀ ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလေးရှားရောက်မြန်မာအလုပ်သမားများ နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၊ ပျက်စီးခြင်းများအတွက် အသစ်လျှောက်ထားနိုင်

နေပြည်တော် ဇန်နဝါရီ ၃

မလေးရှားနိုင်ငံသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာအလုပ်သမားများအနေဖြင့် ၎င်းတို့၏ အလုပ်စာချုပ်သက်တမ်းနှင့် နေထိုင်ခွင့်သက်တမ်းကုန်ဆုံးပြီးနောက် မလေးရှားနိုင်ငံတွင် ဆက်လက်နေထိုင်အလုပ်လုပ်ကိုင်လိုပါက နေထိုင်ခွင့် ခွင့်ပြုချက်သက်တမ်းတိုးခြင်းကို မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာသံရုံး ကွာလာလမ်ပူ၌ မြန်မာအလုပ်သမားတို့၏ နိုင်ငံကူးလက်မှတ်သက်တမ်းကုန်ခြင်း(သို့မဟုတ်) ပျောက်ဆုံးခြင်းတို့အတွက် အသစ်လျှောက်ထားခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းဒေသ၌ ၂၀၁၄ ခုနှစ်၏ ပထမဆုံးသော နှင်းမုန်တိုင်းကြီးကျရောက်

ဝါရှင်တန် ဇန်နဝါရီ ၃

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းဒေသတွင် ၂၀၁၄ ခုနှစ်၏ ပထမဆုံးသော အင်အားပြင်းနှင်းမုန်တိုင်းကျရောက်ခဲ့ကြောင်း၊ မက်ဆာချူးဆက် ပြည်နယ်ရှိ မြို့တစ်မြို့၌ ၅၃ စင်တီမီတာ(၂၁ လက်မ)အထိ ဆီးနှင်းကျဆင်းမှုစံချိန်တင်ခဲ့ကြောင်း ယနေ့ အေပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်းဒေသရှိ ပြည်နယ်များ၌ ဆီးနှင်းများသိပ်သည်းစွာကျရောက်ခဲ့သဖြင့် လေကြောင်းခရီးစဉ် ထောင်နှင့်ချီ၍ဖျက်သိမ်းခဲ့ရသည်။

နယူးယောက်နှင့် နယူးဂျာစီ ပြည်နယ်အုပ်ချုပ်ရေးမှူးများက ၎င်းတို့ ပြည်နယ်များတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာလိုက်ပြီး ပြည်သူများအနေဖြင့် အဆောက်အအုံများအတွင်း၌သာ နေထိုင်ကြရန် တိုက်တွန်းထားသည်။

အမေရိကန်ပြည်ထောင်စုရှိ ချီကာဂိုမြို့၌ နှင်းမုန်တိုင်း တိုက်ခတ်ပြီးနောက် တွေ့ရစဉ်။

နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများကို ပိတ်ထားရပြီး ဒီဇင်ဘာ ၂ရက် တစ်ညလုံးနှင့် ဒီဇင်ဘာ ၃ရက် နံနက်ပိုင်းအထိ နှင်းမုန်တိုင်းတိုက်ခတ်မှုမှာ ပိုမိုဆိုးရွားလာခဲ့သည်။

ဖျက်သိမ်း

ဒီဇင်ဘာ ၂ ရက်တွင် လေကြောင်းခရီးစဉ် ၂၂၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရပြီး ဒီဇင်ဘာ ၃ ရက် နံနက်အစောပိုင်းတွင် လေကြောင်းခရီးစဉ် ၁၀၀၀ ခန့်ကို ယင်းနေ့နှောင်းပိုင်းမတိုင်မီ ပြန်လည်ဖျက်သိမ်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

နယူးယောက်နှင့် ဘော်စတွန်မြို့လမ်းများပေါ်၌ နေထိုင်ကြသော အိုမဲ့အိမ်မဲ့များကို ကယ်ဆယ်ရေးအဖွဲ့များက စောင့်ရှောက်ပေးလျက်ရှိသည်။

ဘော်စတွန်မြို့ မြောက်ဘက်ရှိ အောက်စဖို့ဒ်တွင် နှင်းထုကျဆင်းမှုပမာဏမှာ ၅၃စင်တီမီတာအထိ စံချိန်တင်ခဲ့ပြီး မက်ဆာချူးဆက်ပြည်နယ်၏ အခြားသောဒေသများနှင့် နယူးယောက်တို့တွင်လည်း အလားတူ ဆီးနှင်းကျဆင်းမှုများဖြစ်ပေါ်ခဲ့သည်။ **ပီတီအိုင်။**

အိန္ဒိယရွေးကောက်ပွဲအပြီး ဝန်ကြီးချုပ် ဆင်း အနားယူမည်

နယူးဒေလီ ဇန်နဝါရီ ၃

ယခုနှစ် နွေရာသီတွင် ကျင်းပမည့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲတွင် မိမိ၏ ကွန်ဂရက်ပါတီ အနိုင်ရရှိမည်ဆိုပါက လက်ရှိဝန်ကြီးချုပ် ရာထူးနေရာတွင် ဆက်လက်ထမ်းဆောင်တော့မည်မဟုတ်ကြောင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်း **(ယာပုံ)** က ဇန်နဝါရီ ၃ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဝန်ကြီးချုပ်သစ်အား ၎င်း၏ကျိုင်းကို လွှဲပြောင်းပေးသွားမည်ဟု မန်မိုဟန်ဆင်းက ပြောကြားသည်။

မန်မိုဟန်ဆင်းသည် ကွန်ဂရက်ပါတီဦးဆောင်သည့် ညွန့်ပေါင်းအစိုးရအဖွဲ့၏ဝန်ကြီးချုပ်အဖြစ် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်စုကြာကာလတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ရာထူးသက်တမ်းတစ်လျှောက်လုံးတွင် ယခုအကြိမ်အပါအဝင် သုံးကြိမ်မျှသာ ရှားတောင့်ရှားခဲပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အိန္ဒိယနိုင်ငံ၏ စီးပွားရေး၊ ငွေကြေးဖောင်းပွမှုနှင့် အကျင့်ပျက်ခြစားမှုကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။ **ဘီဘီစီ။**

အီရတ်နိုင်ငံ အန်ဘာပြည်နယ်အတွင်း အစိုးရတပ်ဖွဲ့နှင့်စစ်သွေးကြွများတိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၃

အီရတ်နိုင်ငံရှိ မြို့နှစ်မြို့တွင် အစိုးရအထူးတပ်ဖွဲ့များနှင့် ရာနှင့်ချီသော ဆွန်နီလက်နက်ကိုင်စစ်သွေးကြွများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရတ်အစိုးရတပ်ဖွဲ့နှင့် တိုက်ခိုက်ခဲ့သော စစ်သွေးကြွများမှာ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသောအုပ်စုမှဖြစ်ကြသည်။ ၎င်းတို့သည် ဖလူဂျာမြို့နှင့် ရာမာဒီမြို့တို့တွင် အစိုးရတပ်ဖွဲ့များနှင့် တိုက်ခိုက်ခဲ့ကြသည်။ စစ်သွေးကြွတပ်ဖွဲ့ဝင်အင်အား ၂၅၀ ခန့်သည် လက်နက်တင်ယာဉ်များကို အသုံးပြုကာတိုက်ခိုက်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ဖလူဂျာနှင့် ရာမာဒီမြို့နှစ်မြို့သည် အန်ဘာပြည်နယ်အတွင်းတည်ရှိပြီး ယင်းပြည်နယ်အတွင်း၌ ဆွန်နီ စစ်သွေးကြွများ လှုပ်ရှားလျက်ရှိသည်။ ဆွန်နီစစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံတစ်ဝန်းတွင် လူ ၂၃ ဦးထက်မနည်းသေဆုံးခဲ့ရပြီးဖြစ်သည်။

ရှီးယိုက်များ ဦးဆောင်ဖွဲ့စည်းထားသည့်အစိုးရသည် မိမိတို့အား နိုင်ငံရေးအရလုပ်ကိုင်ဆောင်ရွက်ခွင့်မရအောင် ဘေးဖယ်လုပ်ဆောင်နေကြောင်း ဆွန်နီအာရပ်များက စွပ်စွဲပြောကြားသော်လည်း ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက ယင်းစွပ်စွဲချက်ကို ငြင်းပယ်သည်။ **ဘီဘီစီ။**

အီရတ်နိုင်ငံ ဖလူဂျာမြို့ရှိ လုံခြုံရေးတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်ကို တွေ့ရစဉ်။

တောင်ဆူဒန် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲစပြီ

အဒစ်အဘာဘာ ဇန်နဝါရီ ၃

တောင်ဆူဒန်နိုင်ငံ၌ တိုက်ပွဲများ အဆုံးသတ်ရေးအတွက် ဆွေးနွေးပွဲများကို အီသီယိုပီးယားနိုင်ငံ မြို့တော် အဒစ်အဘာဘာတွင် ယနေ့ စတင်ကျင်းပပြီဖြစ်သည်။

အစိုးရနှင့် သူပုန်အဖွဲ့တို့မှ ညှိနှိုင်းရေးသမားများသည် ယခုအချိန်အထိ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ခြင်း မရှိဘဲ ကြားခံစေ့စပ်ပေးသူများမှတစ်ဆင့် ပြောဆိုကြလျက်ရှိသည်။

တောင်ဆူဒန်နိုင်ငံအတွင်း၌ ပဋိပက္ခများ ဖြစ်ပေါ်နေသဖြင့် အမေရိကန်ပြည်ထောင်စုက ၎င်း၏ သံရုံးဝန်ထမ်းများကို ထပ်မံခေါ်ယူမည်ဖြစ်ကြောင်း ကြေညာပြီးသည့်နောက် အဆိုပါ ဆွေးနွေးပွဲ ပေါ်ပေါက်လာခြင်းဖြစ်သည်။

သမ္မတ ဆောလ်ဗာကီယာကို ထောက်ခံသူများနှင့် လွန်ခဲ့သည့်လတွင် ထုတ်ပယ်ခံရသည့် ဒုတိယသမ္မတ ရိတ်မာချာကို ထောက်ခံသူများအကြား တိုက်ပွဲဖြစ်ပွားချိန်မှစ၍ သေဆုံးသူဦးရေမှာ အနည်းဆုံး ၁၀၀၀ ကျော်ပြီဖြစ်သည်။

လူဦးရေ ၁၈၀၀၀၀ ကျော်သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာသွားကြပြီး အမိုးအကာမရှိ၊ သန့်ရှင်းသော သောက်သုံးရေမရှိ၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော နေရာများ၌ နေထိုင်ကြလျက်ရှိကြောင်း အကူအညီပေးရေး အလုပ်သမားများက ပြောကြားသည်။

နှစ်ဖက်ဆွေးနွေးပွဲ ကိုယ်စားလှယ်များသည် အီသီယိုးပီးယားမြို့တော်သို့ ဗုဒ္ဓဟူးနေ့တွင် ရောက်ရှိလာခဲ့သည်။ သို့သော် ကိုယ်စားလှယ်အဖွဲ့ဝင် အားလုံး အစုံအညီရောက်ချိန်အထိ ဆွေးနွေးပွဲကို ဆိုင်းငံ့ထားခဲ့ရသည်။ **ဘီဘီစီ။**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဇန်နဝါရီ ၁ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ် ပလွေးသစ်တောကြိုးဝိုင်းအတွင်း တည်ထောင်ထားသော ကျွန်းသစ်စေ့ထုတ် ဧရိယာများနှင့် ကျွန်းစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို စစ်ဆေးသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်းရှိ ကျွန်းစိုက်ခင်းစခန်းသို့ သွားရောက်ပြီး ၂၀၀၅ ခုနှစ် ကျွန်းစိုက်ခင်း ဧက ၃၀၀ ကို စစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂ ရက်တွင် မကွေးမြို့နယ် ဒေါင်းနေတိုးချဲ့ကာကွယ်တောရှိ ကျေးရွာသုံး ယူကလစ်စိုက်ခင်း ဧက ၁၀၀ ကို စစ်ဆေးပြီး မင်းဘူးမြို့နယ် ရွာသာယာရွာရှိ မြန်မာမြေစွမ်းအားမြင့် အေဝမ်းမီးဖိုထုတ်လုပ်ရေးစက်ရုံ၌ မီးဖိုထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ နိုင်ငံတော်အစိုးရမှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများကို အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေနံချောင်းမြို့နယ် ကျောက်မဆင်ကျေးရွာသုံး ယူကလစ်စိုက်ခင်း ဧက ၁၀၀ နှင့် ချောက်မြို့နယ်ရှိ ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးနယ်မြေ၌ အောင်မြင်ဖြစ်ထွန်းနေသည့် တမာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြေသင်းတွင်းကျေးရွာ အလယ်တန်းကျောင်းခွဲတွင် တိုးချဲ့စာသင်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး မြေသင်းတွင်းကျေးရွာအနီးရှိ ထင်းစိုက်ခင်းမှ ထင်း ၃၇ တန်ကို ဒေသခံပြည်သူများအား အခမဲ့ ဖြန့်ဝေပေးကာ ဇီးအိုကာကွယ်တော ဧက ၄၀ ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ်ရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၇၅ ဧကနှင့် မိတ္ထီလာမြို့နယ်ရှိ ကျေးရွာသုံး ယူကလစ်စိုက်ခင်းဧက ၁၀၀ တို့ကို ကြည့်ရှုစစ်ဆးပြီး အပူပိုင်းဒေသသစ်တောစိုက်ခင်းများသည် ဒေသခံပြည်သူများအတွက် လိုအပ်သည့် ထင်းလောင်စာရရှိစေရုံသာမက စိမ်းလန်းစိုပြည်ရေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုစေသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ သစ်တောကဏ္ဍ မြှင့်တင်မှုပူးပေါင်းဆောင်ရွက်ရေးဌာန(JIFPRO)တို့နှင့် ပူးပေါင်း၍ ညောင်ဦးမြို့နယ်တွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ခြင်း၊ သောက်သုံးရေရရှိရေး ရေတွင်း၊ ရေကန်များတူးဖော်ခြင်း၊ စာသင်ကျောင်းများ ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ အပူပိုင်းမိုးနည်းရပ်ဝန်းတွင် သဲကန္တာရ ဖြစ်ထွန်းခြင်းမရှိစေရေးအတွက် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCCD)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးသတ်ဦးစီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၃

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနတွင် ဝန်ထမ်းများအင်္ဂလိပ်စာသင်တန်းအမှတ်စဉ် (၅/၂၀၁၃) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများအင်္ဂလိပ်စာ အရည်အသွေး တိုးတက်မြင့်မားစေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများအင်္ဂလိပ်စာ ဘာသာစကားကျွမ်းကျင်ပြီး နိုင်ငံတကာအသိပညာ၊ အတတ်ပညာများကို အင်္ဂလိပ်စာဘာသာစာပေတို့မှ လေ့လာသင်ယူနိုင်ရေး၊ ဌာနဆိုင်ရာ ဘာသာရပ်များကို လက်တွေ့အသုံးချတတ်စေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ၊ နည်းပြများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ သင်တန်းသား ၂၀ တို့ တက်ရောက်ကြပြီး သင်တန်းကို ၁၁-၁၁-၂၀၁၃ ရက်နေ့မှ ၃-၁-၂၀၁၄ ရက်နေ့အထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သရက်မြို့၌ ပညာရေးစုံညီပွဲတော်ကျင်းပ

သရက် ဇန်နဝါရီ ၃

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီခွဲက သရက်မြို့အထက(၁)ရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက ပညာရေးစုံညီပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဘာသာရပ်စွမ်းရည် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ အားကစား၊ ဆိုကရေးတီးတို့တွင် ထူးချွန်သောဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဂီတရသဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိကြောင်း။

ဇန်နဝါရီ ၄ ရက်တွင် ရွှေပေါက်ကံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ကြောင်း။

ဇန်နဝါရီ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သယ်န်းကျွန်းမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ထောက်ကြန့်မြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိနိုင်မည်ဖြစ်ကြောင်း။

ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။ **(ကြေးမုံ)**

လွတ်လပ်ရေးနေ့နှင့်အတူ မမေ့သင့်သော မော်ကွန်းဝင်ကျောက်တိုင်

ရန်ကုန် ဇန်နဝါရီ ၃

"ဤသမ္မတနိုင်ငံသစ်ကြီးကို တည်ဆောက်ရာ၌ ပြည်သူလူထုကြီးသည် မိမိထမ်းဆောင်ရမည့်တာဝန်များကို ပျက်ကွက်လျှင်၊ ဝါးအစည်းပြေသကဲ့သို့ ပြေတော့မည်ဆိုလျှင် ယနေ့စိုက်ထူသည့် ဤလွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကြီးသည် တာဝန်ပျက်ကွက်သော ပြည်သူလူထုကြီးကိုလည်းကောင်း၊ ဝါးအစည်းပြေသကဲ့သို့ ပြေတော့မည်ဖြစ်သော ပြည်သူလူထုကြီးကိုလည်းကောင်း အချိန်မီသတိပေးနိုင်သည် ဖြစ်ပါစေသတည်း"

၁၉၄၈ ခု၊ ဇန်နဝါရီ ၄ ရက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်အုတ်မြစ်ချအခမ်းအနားမှ ကောက်နုတ်ချက်

"ဗမာက တစ်မျိုး၊ ကရင်ကတစ်မျိုး၊ ရှမ်း၊ကချင်၊ ချင်း၊ကရင်နီ (ကယား) တို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"

၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည

ပင်လုံမြို့၊စော်ဘွားများ ထမင်းစားပွဲမှ

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် တိုင်းရင်းသားအားလုံး၏ အသက်သွေးချွေးများပေးဆပ်မှု၊ စုစည်းညီညွတ်မှုတို့ကြောင့် သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး တိုင်းရင်းသားအားလုံး မျှော်လင့်တောင့်တခဲ့သည့် လွတ်လပ်ရေးကြီးကို ရရှိခဲ့သည်။ ထိုနေ့နံနက်ပိုင်းတွင် လွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် မော်ကွန်းကျောက်တိုင်ကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ လွတ်လပ်ရေးကျောက်တိုင် အုတ်မြစ်ချအခမ်းအနားကို ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် နိုင်ငံတော်အဆင့်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် တစ်ဦးကိုတစ်ဦး ငြိမ်းချမ်းစွာ အတူတကွ ယှဉ်ပြိုင်နေထိုင်ပြီး အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုတို့ တည်ဆောက်၍ နေထိုင်သွားမှသာလျှင် ပြည်ထောင်စုကြီးသည် အေးချမ်းသာယာပျော်ရွှင်နိုင်မည်ဖြစ်သည်။

တိုင်းရင်းသားများ တစ်ဦးပေါ်တစ်ဦး သံသယများ၊ အမုန်းတရားများရန်ငြိုးရန်စအာဃာတများဖြင့် အမြဲတမ်းစစ်မီးများတောက်လောင်နေပါက မိမိတို့ပြည်တွင်း၌ အေးချမ်းသာယာခြင်းသည် ပျောက်ကွယ်နေမည်သာဖြစ်သည်။

တိုင်းရင်းသားတို့၏ အသက်သွေးချွေးပေးဆပ်ပြီး ရရှိခဲ့သော လွတ်လပ်ရေးအတွက်စိုက်ထူခဲ့သော လွတ်လပ်ရေးမော်ကွန်းဝင်ကျောက်တိုင်ကြီးသည် ယနေ့အချိန်အထိတိုင် ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံကြီးအတွင်း၌ ထည်ထည်ဝါဝါ တည်ရှိနေဆဲပင်ဖြစ်သည်။ သို့ပါ၍ တိုင်းရင်းသားများအနေဖြင့် မိမိတို့ တိုင်းရင်းသားပေါင်းစုံတို့၏ အသက်သွေးချွေးများပေးဆပ်မှု၊ စုစည်းညီညွတ်မှုတို့ဖြင့် ရရှိခဲ့သော သမိုင်းဝင်လွတ်လပ်ရေးနေ့ကြီးကို ပြန်ပြောင်းအောက်မေ့၍ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်ပြီး ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ အတူတကွ လက်တွဲလျှောက်လှမ်းသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ **(သီသီမင်း)**

အစဉ်ထာဝရ ကာကွယ်စောင့်ရှောက်ရမည့် မြန်မာ့လွတ်လပ်ရေး

ပန်းတောင်းသန်းကြွယ်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့ကြသည်။

ယခု ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့မှာ (၆၆)နှစ်မြောက် အောင်ပွဲသဘင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ဘီစီ ၃ ရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာစသည်ဖြင့် ပဒေသရာဇ်နိုင်ငံများထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းက ပြန့်ကျဲနေသော ဒေသများကိုစုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ တောင်ငူကို အခြေပြု၍ ဘုရင့်နောင်မင်းတရားက အစည်းပြေနေသော ဒေသများကို ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရွှေဘိုကို အခြေပြု၍ အလောင်းမင်းတရားဦးအောင်ဇေယျက တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနေထိုင်ခဲ့ကြသည်။ အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက်၊ အပြန်အလှန်စာနာနားလည်မှု၊ ခင်မင်တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည်။

မြတ်နိုးဖွယ်ရာ အစဉ်အလာများ၊ ကောင်းမြတ်သော စိတ်ထားများဖြင့် နိုင်ငံတော်အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သက်စွန့်ကြိုးပမ်းစွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ခေတ်အဆက်ဆက်ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ သော့ချက်ကျသော တည်နေရာအနေအထားရှိသည်။ အာရှတိုက်ကုန်းမကြီးပေါ်တွင် တည်ရှိနေပြီး ရှည်လျားသော ပင်လယ်ထွက်ပေါက်လည်းရှိသည်။ အနောက်မြောက်နှင့် မြောက်ပိုင်းတို့တွင် ကြီးမားကျယ်ဝန်းသည့် အာရှတိုက်အတွင်းပိုင်းဒေသများနှင့် ဆက်စပ်နေသည်။ လူဦးရေထူထပ်ပေါများသော တရုတ်နှင့် အိန္ဒိယနိုင်ငံကြီးများနှင့် ဆက်စပ်နေသကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများ၊ အရှေ့အာရှနိုင်ငံများနှင့်လည်း နီးကပ်စွာ တည်ရှိနေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသော စိုက်ပျိုးမြေများစွာရှိပြီး စိုက်ပျိုးဖြစ်ထွန်းစေနိုင်သော မှျတသည့် ရာသီဉတုလည်း ရှိသည်။ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသော မြစ်ကြီးများနှင့် မြစ်ငယ်၊ ချောင်းငယ်အသွယ်သွယ်တို့ကလည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဖြစ်ထွန်းမှုကို အထောက်အကူပြုလျက်ရှိသည်။ နိုင်ငံတော်၏ မြေဧရိယာတစ်ဝက်ခန့်မှာ အဖိုးတန်သဘာဝသစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ စပါးကောက်နှံပေါသကဲ့သို့ ပတ္တမြားကျောက်သံလည်း ကြွယ်ဝသည်။ အဖိုးတန်ကျွန်းသစ်၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် သဘာဝတွင်းထွက်များစွာ ရှိသည်။ ဤကြွယ်ဝမှုအနေအထားနှင့် တည်နေရာအရ သော့ချက်ကျအရေးပါမှုသည်ပင်လျှင် မြန်မာနိုင်ငံအား နယ်ချဲ့တို့မျက်စိကျခဲ့ရခြင်းအကြောင်းရင်း ဖြစ်ပေသည်။

၁၉ ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်း၏အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ်သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်အချုပ်အခြာအာဏာလက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံတွင် အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲစေရန်အတွက်-

(က) တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ဒေသများကို ခွဲခြားအုပ်ချုပ်ခြင်းဖြင့် ပထဝီဝင်အနေအထားအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ခ) တိုင်းရင်းသားလူမျိုးစုများအတွင်း အုပ်ချုပ်ရေးစနစ်အမျိုးမျိုးတို့ကို ကျင့်သုံးပြီး အခွင့်အရေးများကို ခွဲခြားသတ်မှတ်ပေးခြင်းဖြင့် လူမျိုးရေးအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ဂ) အုပ်ချုပ်ရေးလွယ်ကူစေရန်အတွက် အလိုတော်ရိများကို လက်သပ်မွေးအသုံးချခြင်းအားဖြင့် လူတန်းစားသွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း စသည့် နည်းလမ်းသုံးသွယ်ဖြင့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။

သို့ရာတွင် မြန်မာတို့၏မူလဗီဇလက္ခဏာများဖြစ်သော ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာ၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့် စိတ်ဓာတ်၊ ကိုယ့်အမျိုးသားရေးဂုဏ်သိက္ခာကို ထိပါးမခံလိုသည့် စိတ်ဓာတ်များကို ပိုင်ဆိုင်ကြသူများဖြစ်သည်နှင့်အညီ တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့သည် အသက်သွေးချွေးတို့ကို အရင်းတည်လျက် နယ်ချဲ့တို့ကိုရှုပ်ရှုပ်ချုံချုံ တော်လှန်တိုက်ခိုက်ခဲ့ကြသဖြင့် လွပ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ကြပေသည်။

အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင်အင်အားရှိမှသာ ကိုယ့်နိုင်ငံလွတ်လပ်ရေးကို ကိုယ်တိုင်ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ ကိုယ်ပိုင်အင်အားကို အပြည့်အဝတည်ဆောက်နိုင်မည်ဖြစ်သည်။ ညီညွတ်ခြင်းသည် ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီစွာရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးအတွက် အဓိကကျသော မောင်းနှင်အားကြီးပင်ဖြစ်သည်။

အစီအမံရှိရှိ စနစ်တကျသွေးခွဲအုပ်ချုပ်ခဲ့သော နယ်ချဲ့တို့၏ ပယောဂကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးပျက်ပြားပြီး နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို ထိထိရောက်ရောက် စည်းစည်းလုံးလုံးမဆောင်ရွက်နိုင်ခဲ့ပေ။ နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်စွဲကိုင်၍ စနစ်မတူ၊ ဝါဒမတူကြသော တိုင်းရင်းသားအဖွဲ့အစည်းများရှိခဲ့ခြင်းကြောင့်လည်း နိုင်ငံတော်၏တည်ငြိမ်မှုနည်းပါးခဲ့ရပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက်မဆောင်ရွက်နိုင်ခဲ့ပေ။

ထို့ကြောင့်ပင် ပြည်သူတို့၏ မဲဆန္ဒဖြင့်တက်ရောက်လာသော နိုင်ငံတော်အစိုးရသစ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်တည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ စနစ်မတူ၊ ဝါဒမတူ၍ သဘောထားကွဲပြားနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး နိုင်ငံတော် တည်ဆောက်ရေးအပိုင်းတွင် အတူတကွလက်တွဲပါဝင်ကြရန် နိုင်ငံတော်သမ္မတကြီးက ဖိတ်ခေါ်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်သည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ထာဝရငြိမ်းချမ်းရေးရရှိအောင် ဖော်ဆောင်ရာတွင် ပထမအဆင့်အနေဖြင့် အပစ်အခတ်ရပ်စဲရေး၊ ဒုတိယအဆင့်အနေဖြင့် နယ်မြေဒေသဖွံ့ဖြိုးရေး၊ တတိယအဆင့်အနေဖြင့် အားလုံးပါဝင်နိုင်သည့် ပြည်ထောင်စုအဆင့် အစည်းအဝေးကြီးတစ်ရပ်ကျင်းပကာ ထာဝရငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်၏ ဖြစ်ထွန်းတိုးတက်မှုများတွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် မူဘောင်ချမှတ်ခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများစတင်ခြင်းဟူသည့် အရေးကြီးသောအဆင့်များ တက်လှမ်းနိုင်ရန် နောက်ဆုံးအဆင့် ညှိနှိုင်းသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ရာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်အောင် ဖော်ဆောင်နိုင်ရေးကို ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး ပါဝင်ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် အစိုးရနှင့် ပြည်သူကြားအင်စတီကျူးရှင်းများနှင့် ပြည်သူလူထုအကြား၊ နိုင်ငံသားတစ်ဦးနှင့်တစ်ဦးအကြား သံသယများပွားများကာ ယုံကြည်မှုလျော့ပါးခဲ့ရခြင်းများကြောင့်လည်း ယနေ့ အကောင်အထည်ဖော်နေသော နိုင်ငံရေးအပြောင်းအလဲများနှင့် အမျိုးသားနိုင်ငံရေးဖြစ်စဉ်သစ်များ အရှိန်အဟုန်ဖြင့် တိုးတက်မှုရရှိစေရန် အဟန့်အတားဖြစ်နေလေရာ အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအစုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ အပြန်အလှန်ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းခြင်းရှိမှသာလျှင် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ နိုင်ငံတော်၏ စီးပွားရေးကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိပြီးပါက တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး တစ်ခုတည်းသော နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုကြီး ဖြစ်တည်ပေါ်ပေါက်လာမည်ဖြစ်ရာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အားအင်ပြည့်စွမ်းအားများဖြင့် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးခြင်းသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို နိမ့်ကျစေသည်သာမက စည်းကမ်းဥပဒေများလိုက်နာမှု၊ ပြည်သူ့နီတိလိုက်နာစောင့်ထိန်းမှု၊ ယဉ်ကျေးမှုဓလေ့စရိုက်များ စောင့်ထိန်းမှု၊ အကျင့်စာရိတ္တစောင့်ထိန်းမှုတို့ကိုပါ လျော့နည်းကျဆင်းစေသဖြင့် နိုင်ငံတော်အစိုးရသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအမံများကို အားသွန်ဆောင်ရွက်နေပြီဖြစ်သည်။ လက်ရှိ ၂၆ ရာခိုင်နှုန်းမျှသော ဆင်းရဲနွမ်းပါးမှုကို ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ရောက်အောင် လျှော့ချသွားမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးမှုလျော့ကျသွားသည်နှင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းများ၊ အမျိုးသားကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများမှာလည်း ပိုမိုထိရောက်အောင်မြင်လာပြီး ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့် ကိုက်ညီ၍ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာသော စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းပေးနိုင်ခြင်း၊ လုပ်သာကိုင်သာသော ဘဏ္ဍာရေးစနစ်နှင့် ငွေကြေးလဲလှယ်သုံးစွဲနိုင်ခွင့်များ ဖော်ဆောင်ပေးနိုင်ခြင်း၊ တက်ကြွ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးကာ အရှေ့အနောက်မခွဲခြားဘဲ ကမ္ဘာ့နိုင်ငံအများအပြားနှင့် ခင်မင်ရင်းနှီးစွာ ဆက်ဆံလာနိုင်ခြင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နီးကပ်စွာပူးပေါင်း၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ပိုမိုထိရောက်အောင်မြင်အောင် လုပ်ဆောင်လာနိုင်ခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံ၏ ပုံရိပ်သည် ကမ္ဘာ့ပြည်သူတို့၏ အမြင်တွင် တင့်တယ်လှပနေပြီဖြစ်သည်။

ထို့ပြင် (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပပေးနိုင်ခြင်း၊ မြန်မာ့အားကစားမောင်မယ်တို့၏ အောင်မြင်မှုမှာ အားရကျေနပ်ဖွယ်အဆင့်သို့ တက်ရောက်နိုင်ခြင်း၊ အိမ်ရှင်ပီသစွာ ဧည့်ဝတ်ကျေပွန်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်ကို ထင်ဟပ်ပြသလိုက်နိုင်ခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံ၏ ပုံရိပ်မှာ ပိုမိုလှပတင့်တယ်ခဲ့သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရှစ်လအတွင်း အမေရိကန်ဒေါ်လာ သန်း ၁၈၀၀ ကျော်ထိ ရှိလာခဲ့သည်။ ယခုနှစ် ဘဏ္ဍာရေးနှစ်ကုန်တွင် သန်း ၂၀၀၀ ကျော်ဖြစ်မည်ဟု ခန့်မှန်းထားသည်။ ပြည်ပခရီးသည် ဝင်ရောက်မှုအနေဖြင့်လည်း ၂၀၁၁ ခုနှစ်တွင် တစ်သန်းကျော်သာရှိခဲ့ရာမှ ယခုနှစ်တွင် ၁ ဒသမ ၈ သန်းကျော်ဝင်ရောက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပခရီးသည် ၈ သန်းအထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။

ခြုံ၍ဆိုရသော် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးသည် အဓိကဖြစ်သဖြင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ပြည်တွင်းပြည်ပမှ အရင်းအနှီးများ အရှိန်အဟုန်ဖြင့် စီးဝင်မြှုပ်နှံလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာအောင် ဖော်ဆောင်ရမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရမည်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် ရာသက်ပန် ပူးပေါင်းနေထိုင်ရေးအတွက် အထက်ပါ အမျိုးသားရေးတာဝန်များကို တိုင်းရင်းသားအားလုံးသည် ကျရာကဏ္ဍမှ အားသွန်ခွန်စိုက် ပူးပေါင်းပါဝင်သင့်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

☆ "လွတ်လပ်ရေး" ဟု
ဟစ်ကြွေးတောင်းသံ၊ မိုးထက်ညံပြီ
နဘံသိမ့်သိမ့်တုန်တကား။

☆ "ရလျှင်ရ မရလျှင်ချ" ဟု
ညွှန်ပြဖော်ထုတ်၊ ထိုဆောင်ပုဒ်သည်
ဟုတ်မှန်စွမ်းအား၊ မျိုးမာန်ပွား၏။

☆ ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
စွမ်းအားကိုထုတ်၊ ဓားကိုထုတ်၍
ထိုးခုတ်ပစ်ခတ်၊ တရစပ်လျှင်
မရပ်မနား၊ ပေါင်းစည်းအားကြောင့်
တို့များမြန်ပြည်၊ အားသစ်ဝေ၍
လှည်းနေလှေအောင်း၊ သူရဲကောင်းတို့
မြင်းဇောင်းမကျန်၊ အောင်ပွဲခံပြီ
မြန်ပြည်လွတ်လပ်ခဲ့တကား။

☆ သက်စွန့်ဆံဖျား၊ သွေးချွေးများဖြင့်
ဘိုးဘွားအမွေပေး၊ လွတ်လပ်ရေးသည်
လေးနက်စစ်မှန်၊ အဖိုးတန်၏။

☆ ချစ်ခင်မြတ်လေး၊ လွတ်လပ်ရေးကို
အရေးသုံးပါး၊ ဦးထိပ်ထား၍
တို့များကွယ်ကာ၊ စောင့်ရှောက်ပါမည်
ကမ္ဘာဆုံးတိုင် တည်စေသတည်း။ ။

တက္ကသိုလ်ညီညီသန့်

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

သီပေါအကျဉ်းထောင်မှ လွတ်မြောက်လာသူများအား ကြိုဆိုသူများနှင့်အတူ ပျော်ပျော်ရွှင်ရွှင် တွေ့ရစဉ်။ (ဓာတ်ပုံ-သီပေါကိုလတ်)

*** ကျောဖုံးမှ**

သရက်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု လွှတ်ပေးလိုက်ကြောင်း ကိုကိုအောင်(သရက်)မှ သတင်းပေးပို့သည်။

ထို့အပြင် ပုသိမ်အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရရှိသူ ကျား ၂၀၈ ဦး၊ မ ၄၆ ဦး စုစုပေါင်း ၂၅၄ ဦးတို့အား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၀၀၀ စီပေးအပ်ပြီး တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားပြီး သွားရေးလာရေးအခက်အခဲရှိသူများအား ဝိုင်းဝန်းပံ့ပိုးကူညီပေးကြသည်။

"ကျွန်တော်ဝမ်းသာလွန်းလို့ ခံစားချက်များစွာရှိပေမယ့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကို အထူးလေးစားကြည်ညိုမိပါတယ်၊ တာဝန်ရှိပုဂ္ဂိုလ်တွေကိုလည်း ကျေးဇူးတင်ပါတယ်၊ မီဒီယာတွေကလည်း နိုင်ငံတော် အကျိုးပြုပေးကြပါ။ ကျွန်တော်လည်း လက်လှမ်းမီသမျှ စွမ်းအားအပြည့်နဲ့ နိုင်ငံတော်ကောင်းကျိုးကို ဆောင်ရွက်ပေးမှာပါ"ဟု မောင်ဝိတ် ရန်ကုန်လမ်းမတော်တွင် နေထိုင်သူက ပျော်ရွှင်ရယ်မောစွာဖြင့် သတင်းမီဒီယာများအား ပြောကြားသွားသည်။

ယနေ့တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတ၊ မအူပင်၊ ဖျာပုံ၊ ကစတဲစိုက်ပျိုးရေးစခန်း၊ ဆားမလောက်စိုက်ပျိုးရေးစခန်းများအပါအဝင် ကျား ၇၂၁၊ မ ၁၁၉ ဦး စုစုပေါင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ လွတ်ငြိမ်းသက်သာခွင့်ရရှိကြသူ ၈၄၀ ဖြစ်ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၄၆ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ကျိုင်းတုံအကျဉ်းဦးစီးဌာန အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်ကာ အခမ်းအနားဖြင့် လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သတင်းထောက်အမှတ်(၅၁၃)မှ သတင်းပေးပို့သည်။

အလားတူ ကော့သောင်းအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ပေးမည့် အကျဉ်းသားများအား တာဝန်ရှိသူများက တွေ့ဆုံ၍ အမှာစကားအသီးသီးပြောကြားကြကာ ထောင်ထွက်လက်မှတ်နှင့် ချီးမြှင့်ငွေကျပ် ၁၀၀၀ စီကို ပေးအပ်ကြပြီး မွန်းတည့် ၁၂ နာရီတွင် အကျဉ်းသား ကျား ၈၈ ဦးနှင့် မ ၁၉ ဦးအား စတင်လွှတ်ပေးခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်များ ဖြစ်သည့် ထားဝယ်အကျဉ်းထောင်မှ ကျား ၇၂ ဦး၊ မ ကိုးဦး၊ မြိတ်အကျဉ်းထောင်မှ ကျား ၈၆ ဦး၊ မ ၂၁ ဦး၊ ကော့သောင်းအကျဉ်းထောင်မှ ကျား ၈၈ ဦး၊ မ ၁၉ ဦး၊ ဆင်ဖြူပြင်အကျဉ်းစခန်းမှ ကျား ၉၈ ဦးအား ပြစ်ဒဏ်၏ လေးပုံတစ်ပုံလျှော့ရက်နှင့် အကျုံးဝင်သည့် အကျဉ်းသားများအားလုံး လွှတ်ပေးခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံး အနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့သည့် အကျဉ်းသား စုစုပေါင်း ၃၉၃ ဦး ဖြစ်ရာ နိုင်ငံရေးအကျဉ်းသားများ ကော့သောင်းအကျဉ်းထောင်တွင် မရှိကြောင်း ကျော်စိုး(ကော့သောင်း)မှ သတင်းပေးပို့သည်။

အလားတူ သီပေါအကျဉ်းထောင်မှ ပြစ်ဒဏ်အသီးသီးဖြင့် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား ၇၇ ဦးအား လွတ်ငြိမ်းသက်သာခွင့်အခမ်းအနားကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက သီပေါအကျဉ်းထောင် ဧည့်ခန်းမ၌ ကျင်းပပြီး တာဝန်ရှိသူတို့က ဆုံးမသြဝါဒစကားများ အသီးသီးပြောကြားကာ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ကြောင်း သီပေါကိုလတ်မှ သတင်းပေးပို့သည်။

အလားတူ သထုံအကျဉ်းထောင်မှ အကျဉ်းသား ၅၆ ဦး ပြန်လည်လွတ်မြောက်ခွင့်ရရှိကြောင်း သိရသည်။ အဆိုပါ လွတ်မြောက်ခွင့်ရရှိသူများအား ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီခွဲက သထုံအကျဉ်းထောင်ရိပ်သာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်လွင်နှင့် သထုံထောင်မှူး ဦးစီးအရာရှိ ဦးတင်ချိုတို့က ဆုံးမသြဝါဒစကားများ ပြောကြားကာ သထုံထောင်မှူးက လွတ်ငြိမ်းခွင့်ပြုလက်မှတ်နှင့် ထောက်ပံ့ငွေ ၁၀၀၀ ကျပ်စီ၊ အလုပ်စခန်းများမှ အကျဉ်းသားများအား အလုပ်ဆင်းရက်အလိုက် ခံစားခွင့်ရရှိသည့် ချီးမြှင့်ငွေတို့ကို တစ်ဦးချင်း ပေးအပ်ခဲ့ပြီး လွတ်ငြိမ်းခွင့်ပြုလိုက်ရာ လွတ်မြောက်သူများအား မိသားစုဝင်များက ဝမ်းမြောက်ပျော်ရွှင်စွာ လာရောက်ကြိုဆိုကြကြောင်း သက်ဦး(သထုံ)မှ သတင်းပေးပို့သည်။

အလားတူ မော်လမြိုင်အကျဉ်းထောင်မှ ကျား ၁၆၅ ဦး မ ၃၄ ဦး စုစုပေါင်း ၁၉၉ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိရာ လွတ်မြောက်လာသူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း အောင်နေမင်းမှ သတင်းပေးပို့သည်။

သရက်အကျဉ်းထောင်မှ လွတ်မြောက်လာသူများအား တွေ့ရစဉ်။ (ဓာတ်ပုံ-ကိုကိုအောင်)

မော်လမြိုင်အကျဉ်းထောင်မှ လွတ်မြောက်လာသူများအား ကြိုဆိုသူများနှင့်အတူ ပျော်ပျော်ရွှင်ရွှင် တွေ့ရစဉ်။ (ဓာတ်ပုံ-အောင်နေမင်း)

ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်းအတွင်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်နှစ်လုံး တည်ဆောက်

ရန်ကုန် ဇန်နဝါရီ ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွာမသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်းတည်ဆောက်မှုကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စက်ကြီးများ စနစ်တကျမောင်းနှင်လည်ပတ်နိုင်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများအား ယခုကတည်းက ကြိုတင်ရွေးချယ်စုဖွဲ့ထားရှိရန်၊ လိုအပ်မည့်အရန်ပစ္စည်းများ ထပ်မံမှာယူဖြည့်ဆည်းထားရန်၊ တည်ဆောက်ရေးစီမံကိန်း၏ ပိုလျှံပစ္စည်းများလေလွင့်မှုမရှိစေရေးအတွက် စနစ်တကျလယ်ဂျာစာရင်းရေးသွင်း၍ အမိုးအကာများဖြင့် ထိန်းသိမ်းထားရှိရန်၊ စက်များကြံ့ခိုင်မှုရှိစေရေး ပြုပြင်ထိန်းသိမ်းရာတွင်လည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်သွားရန်၊ တည်ဆောက်ရေးစီမံကိန်းကြီး ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ဓာတ်အားပေးစက်များဖြင့် စွမ်းအားပြည့်မောင်းနှင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ဓာတ်အားစနစ်မှဓာတ်အားကို ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း မှာကြားပြီး ဓာတ်အားပေးစက်နှစ်လုံး တပ်ဆင်လျက်ရှိသည့် လုပ်ငန်းခွင်၊ ဆောက်လုပ်ဆဲ Main Control Room နှင့် Switch Yard တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

(သတင်းစဉ်)

ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ**(ယာပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဆရာဆရာမများ၏ အရည်အသွေးပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီ မြင့်တင်ဆောင်ရွက်ရန်နှင့် သင်ရိုးမာတိကာများနှင့်အညီ လေ့ကျင့်သင်ကြားပေးရန်၊ သင်ယူတတ်မြောက်မှုနှင့် စစ်ဆေးရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်က ချမှတ်သည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုချီးမြှင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် လှိုင်မြို့နယ် IBC ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများကဆုရကလေးများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၃

SMART BUSINESS GROUP မှ ကြီးမှူး၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်နှင့်ကားပြပွဲ (YANGON INTERNATIONAL EXPO & CAR SHOW) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် Rajasthan Works Co.,Ltd. မန်နေဂျင်းဒါရိုက်တာတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းကို ကြည့်ရှုအားပေးသည်။

ပြပွဲတွင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံးကုန်ပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ၊ မော်တော်ယာဉ်အမျိုးမျိုးတို့ကို ကုမ္ပဏီပေါင်း ၆၀ မှ ပြခန်း ၁၀၀ ဖြင့် ဇန်နဝါရီ ၆ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဒီဇင်ဘာ ၃၁ ရက်တွင် မော်တော်ယာဉ် ၄၁၈ စီး တစ်ရက်တည်းစံချိန်တင်ပါမစ်လျှောက်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးဌာနစိတ်တွင် မော်တော်ယာဉ်သွင်းကုန်ပါမစ်များထုတ်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် Light Truck သုံးစီးနှင့် Pick up သုံးစီး စုစုပေါင်း ခြောက်စီးကို သွင်းကုန်ပါမစ် ထုတ်ပေးပြီးဖြစ်ကြောင်း ယင်းဌာန၏ စာရင်းများအရ သိရသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် Saloon, Van, Wagon, Extra Cab, Light Truck, Mini Truck, Box Truck နှင့် Pickup အပါအဝင် စုစုပေါင်း မော်တော်ယာဉ် ၄၁၈ စီးအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၉ သန်းတန်ဖိုးရှိမော်တော်ယာဉ် သွင်းကုန်ပါမစ်များကို ထုတ်ပေးခဲ့ကြောင်း ၂၀၁၃ ခုနှစ် နှစ်ကုန်တစ်ရက်တည်းစံချိန်တင် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အေးကို)

တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

မန္တလေး ဇန်နဝါရီ ၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ငယ်တိုးတိုက်နယ် တောင်ယာဉ်ပုံရပ်တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က တရားမဝင်အင်ခွဲသား၊ ပကာ ၂ ဒသမ ၄၃၉၈ တန်၊ ၂၂ ကောင် တရုတ်အင်ဂျင်တစ်လုံး၊ နှစ်ပေ လေးလက်မ လွှဝိုင်းတစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းလေးမျိုးနှင့် ပြင်ဦးလွင်မြို့ ဝါးနက်ဘိနယ် ဝက်ကား- ဒီးဒုတ်အဆိုပြု ကြိုးပြင်ကာကွယ်တောအတွင်းမှ တရားမဝင် ကျွန်း၊ အင်ကြင်း၊ ရင်းမာနှင့် အခြားသားသစ်တိုင် ၃ ဒသမ ၂၈၀၂ တန်နှင့် ဂျင်ဒေါင်း ၂၂ ကောင် အင်ဂျင်တစ်လုံး၊ သုံးပေ လွှဝိုင်းတစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်း သုံးမျိုးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇန်နဝါရီ ၃

ယနေ့ မြန်မာစံတော်ချိန် နံနက် ၅ နာခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**(သတင်းစဉ်)**

မိုးပျံပူဖောင်းပြုလုပ်သည့် ဂက်စ်အိုးပေါက်ကွဲမှုဖြစ်

ဘားအံ ဇန်နဝါရီ ၃

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့နယ်ခွဲ အမှတ် (၄) ရပ်ကွက် ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဝင်းတွင်ပြုလုပ်သည့် ကရင်နှစ်သစ်ကူးပွဲတော်၌ ဒီဇင်ဘာ ၃၁ ရက် ည ၁၂ နာရီတွင် မိုးပျံပူဖောင်းပြုလုပ်စဉ် ဂက်စ်အိုးမှ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မိုးပျံပူဖောင်းပြုလုပ်ရောင်းချသူ ဘားအံမြို့နယ် မင်းဇီကျေးရွာနေ စိုးစိုး(ခ) အဒူဆာဟစ်(၃၅)နှစ်သည် ကရင်နှစ်သစ်ကူးပွဲတော်တွင် မိုးပျံပူဖောင်းပြုလုပ်ရောင်းချနေစဉ် အဆိုပါဂက်စ်အိုးမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ ပွဲတော်လာရောက်သူ ငါးဦးသေဆုံး၊ ငါးဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ဒဏ်ရာရရှိသူများအား ကမမောင်းမြို့နယ်ခွဲ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မိုးပျံပူဖောင်းရောင်းချသူအား ဘားအံမြို့ အမှတ် (၂) ရပ်ကွက် ဈေးတန်းလမ်းနေ ဦးဆာဟစ်၏နေအိမ်၌ ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်ခန့်တွင် ဘားအံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်မြင့်ဦးနှင့်အဖွဲ့မှ ဖမ်းဆီးရမိခဲ့ပြီး ကမမောင်းမြို့နယ်ခွဲရဲစခန်းသို့ (ပ) ၂/၂၀၁၄ ပြစ်မှုပုဒ်မ ၂၈၆/၃၃၈/၃၀၄(က)အရ အမှုဖွင့် လွှဲပြောင်းအပ်နှံရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းရေး (မူကြမ်း) နှင့်ပတ်သက်၍ ပညာရှင်တို့၏ သဘောထားအမြင်များ

တွေ့ဆုံမေးမြန်း
ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

(ယမန်နေ့မှ အဆက်)
ဦးညီလှငယ်
အဆင့်မြင့်နည်းပညာတက္ကသိုလ်များပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ

မေး။ တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး ကွဲလွဲတဲ့အမြင်သဘောထားတွေရှိနေတယ်လို့ကြားသိထားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာကြီးတို့ ပညာရှင်တွေရဲ့ သဘောထားအမြင်ကိုသိချင်ပါတယ်။

ဖြေ။ ဝန်ကြီးဌာနတွေအောက်မှာရှိတဲ့တက္ကသိုလ်တွေက အများကြီးရှိတယ်။ တက္ကသိုလ်များဗဟိုကောင်စီက ပညာရေးတင်မကဘဲ စီမံခန့်ခွဲရေးကိစ္စတွေမှာ ဝင်ပြီးတော့လုပ်မယ်။ Budget ကိစ္စတွေကိုလည်း တာဝန်ပေးထားတဲ့ ဝန်ကြီးဌာနတစ်ခုခုပေါ့။ ဥပမာ ပညာရေးဝန်ကြီးဌာနက လုပ်ပေးမယ်ဆိုတာမျိုး စဉ်းစားနေတာ တွေ့ရတယ်။ တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး structure က လုံးဝကို ပုံစံပြောင်းလိုက်မယ်ဆိုရင် တစ်မျိုးကြီးဖြစ်သွားလိမ့်မယ်။ ဒီလောက်များပြားတဲ့ တက္ကသိုလ်တွေရှိတာကို တက္ကသိုလ်များဗဟိုကောင်စီက စီမံခန့်ခွဲရေးပါကိုင်မယ်။ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်ပေါင်း ၁၆၈ ခုရှိတာဆိုတော့ နိုင်နိုင်နင်းနင်းလုပ်နိုင်ပ့ါမလားဆိုတာ ကျွန်တော်တို့အများကြီး သံသယဖြစ်ပါတယ်။ တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့ဖို့ကိုတော့ ဆရာကြီးအနေနဲ့ သဘောတူတယ်။ ဒါပေမယ့် ဒီကောင်စီကပဲ အလုံးစုံကို ကိုင်တွယ်ပြီးဖြေရှင်းသွားရင် အောင်မြင်ဖို့သိပ်မလွယ်ဘူး။ မနိုင်မနင်းဖြစ်မယ်။

မေး။ တက္ကသိုလ်များဗဟိုကောင်စီကို ယခင်က မြန်မာနိုင်ငံမှာဖွဲ့ခဲ့ဖူးတာမျိုး ရှိပါသလား ဆရာ။

ဖြေ။ အရင်ကလည်း တက္ကသိုလ်များဗဟိုကောင်စီဆိုတာ ရှိခဲ့ပါတယ်။ ပညာရေးနှင့်ပတ်သက်တဲ့ ကိစ္စမျိုးတွေ တင်ပြတယ်။ ဂုဏ်ထူးဆောင်ဘွဲ့ပေးမယ်။ သင်တန်းတွေဖွင့်မယ် စသည်ဖြင့်ပေါ့လေ။ ပညာရေးနဲ့ ပတ်သက်ပြီး တင်ပြတာ ဆွေးနွေးတာပေ့ါ။ ဒါမျိုးကတော့ နိုင်နိုင်နင်းနင်းလုပ်နိုင်ခဲ့ပါတယ်။ အဲဒီတုန်းက ပြင်ပပညာရှင်တွေတော့ မပါဘူး။ ပြည်သူလူထုနဲ့ ပညာရှင်တွေရဲ့အမြင်၊ အသံကို အလေးမထားသလိုဖြစ်တော့ အဲဒီတုန်းက သိပ်ပြီးတော့ မအောင်မြင်ခဲ့ဘူးလို့ ကျွန်တော်သုံးသပ်ကြည့်တာပေ့ါ။ အခု ပြင်ပပညာရှင်တွေကို ရာခိုင်နှုန်းတော်တော်များများ ထည့်ပြီးဖွင့်ပေးနိုင်ရင် တော်တော်လေး ကောင်းမှာပေ့ါ။ ဗဟိုကောင်စီမှာတော့ ပြင်ပပညာရှင်တွေပါဖို့ လိုအပ်ပါတယ်။ ဒီလိုမှမဟုတ်ရင် ဟိုဘက် ပါမောက္ခချုပ်က တင်ပြတာကို ဒီဘက် ပါမောက္ခချုပ်က အားနာပြီးလက်ခံ။ ကျန်တဲ့လူတွေကလည်း မဝေဖန်တော့ဘူး။ အကယ်၍သာ ပြင်ပ ပညာရှင်တွေပါလာရင်တော့ ထောက်ပြပြောဆိုမှာပဲ။ ဝေဖန်မှာပဲ။ ဒါကြောင့် ပြင်ပပညာရှင်တွေဖြစ်တဲ့ အင်ဂျင်နီယာလည်းပါရမယ်။ ဆရာဝန်လည်းပါဖို့လိုမယ်။ ဘက်စုံပါရမယ်ပေ့ါ။ အဲဒီလိုမျိုး တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့ပေးနိုင်မယ်ဆိုရင်၊ ပညာရေးကိစ္စတွေကိုသာ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်မယ်ဆိုရင် အများကြီးအကျိုးရှိနိုင်ပါတယ်။ တက္ကသိုလ်များဗဟိုကောင်စီက မူလဝန်ကြီးဌာနတွေဆီကပဲ သူ့တက္ကသိုလ်အလိုက် Budget တွေတောင်းပေး။ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းကပဲ တက္ကသိုလ် ၁၆၈ ခုလုံးအတွက် ဘတ်ဂျက်တွေ တောင်းပေးစရာမလိုဘူး။ ပညာရေးနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကိုတော့ တက္ကသိုလ်များဗဟိုကောင်စီမှာ တင်ပြဆွေးနွေးညှိနှိုင်းပေ့ါ။ ဗဟိုကောင်စီရဲ့ ဖွဲ့စည်းပုံနဲ့ တက္ကသိုလ်တွေဖွဲ့စည်းပုံဆက်စပ်မှုကို တွေးခေါ်စဉ်းစားဖို့လိုတယ်။ တက္ကသိုလ်တိုင်းဟာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိတဲ့ တက္ကသိုလ်တွေ ဖြစ်ရမယ်။

မေး။ မြန်မာနိုင်ငံမှာ အမျိုးအစားမတူတဲ့ တက္ကသိုလ်တွေက အများကြီး ရှိတယ်။ မတူညီတာတွေရှိနေတော့ မူဝါဒတစ်ခုတည်းအောက်မှာ ကျင့်သုံးဖို့ အဆင်ပြေနိုင်ပ့ါမလား။

ဖြေ။ မြန်မာနိုင်ငံမှာ တက္ကသိုလ် နှစ်မျိုးရှိမယ်။ ပထမတစ်မျိုးက ဖွင့်လှစ်ခဲ့တာလည်းကြာပြီ၊ ရင့်ကျက်ပြီးသားလည်းဖြစ်တယ်။ ကူညီပံ့ပိုးမယ့်သူလည်း အများကြီးရှိနေတဲ့ တက္ကသိုလ်တွေဖြစ်မယ်။ နောက်တစ်ခုကတော့ မကြာခင်ကမှ စတင်ထူထောင်ပြီး ရင့်ကျက်မှုမရှိသေးတဲ့ တက္ကသိုလ်တွေ ရှိမယ်။ ဒီလိုရင့်ကျက်မှုမရှိသေးတဲ့ တက္ကသိုလ်တွေကိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးလိုက်ရင် လုပ်တတ်မှာ မဟုတ်ဘူး။ ဆုံးဖြတ်နိုင်မှာမဟုတ်ဘူး။ ဆုံးဖြတ်ရင်လည်း မှားယွင်းတဲ့ဆုံးဖြတ်ချက်တွေ ဖြစ်သွားနိုင်တယ်။ ဒါကြောင့် တက္ကသိုလ်အငယ်တွေကို စုပေါင်းပြီး ဗဟိုမဏ္ဍိုင်တက္ကသိုလ်တစ်ခုထားပြီး တက္ကသိုလ်အုပ်စုတွေ ဖွဲ့ရမယ်။ ဥပမာ အခု ၃၀ လောက်ရှိတဲ့တက္ကသိုလ်တွေကို တက္ကသိုလ်အုပ်စုအဖြစ် ဖွဲ့လိုက်ရင် လေး၊ ငါးခုလောက်ပဲ ဖြစ်သွားမယ်။ ဒီလိုဆိုရင် ပိုပြီးတော့ စုစုစည်းစည်းလည်းရှိမယ်။ အားလည်းပိုကောင်းမယ်။ တိုင်တိုင်ပင်ပင်နဲ့ ဆုံးဖြတ်လို့လည်းရမယ်။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်လို့ ပြောတဲ့နေရာမှာ ရင့်ရင့်ကျက်ကျက်နဲ့ ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ တက္ကသိုလ်တွေကို ပေးအပ်မှသာလျှင် ရှေ့ကို မြန်မြန်တက်နိုင်မယ်။

မေး။ တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းရေးမူကြမ်းမှာ ပါမောက္ခချုပ်တွေက ၇၅ ရာခိုင်နှုန်း၊ ကျန်တဲ့ ကိုယ်စားလှယ်တွေက ၂၅ ရာခိုင်နှုန်းဆိုတဲ့ လျာထားချက်အပေါ်မှာ ဆရာကြီးရဲ့သဘောထားမှတ်ချက်ကို သိချင်ပါတယ်။

ဖြေ။ ဆရာကြီးအနေနဲ့ပြောရရင် မူကြမ်းကို ပြန်လည်ပြင်ဆင်ဖို့လိုအပ်တယ်။ တက္ကသိုလ်များ ဗဟိုကောင်စီသည် ပညာရေးအတွက်သာလျှင် ဖြစ်ရမယ်။ ပညာရေးကိစ္စညှိနှိုင်းဖို့သာလျှင်ဖြစ်သင့်တယ်။ နောက်တစ်ချက်က နယ်ပယ်ပေါင်းစုံက တကယ်တော်တဲ့ ပြင်ပပညာရှင်ပါဝင်မှုရာခိုင်နှုန်းများပါမှ အကြံဉာဏ်ကောင်းတွေရမှာ ဖြစ်တယ်။ မဟုတ်ခဲ့ရင် အစိုးရ သို့မဟုတ် ပါမောက္ခချုပ်တွေက လုပ်ချင်သလို လုပ်သွားမယ်။ အဲဒီလိုမျိုး မဖြစ်စေသင့်တော့ဘူး။ နောင်ကို မဖြစ်စေသင့်တော့ဘူး။ နောက်တစ်ခုက Associate Members တွေဟာ မဲပေးခွင့်မရှိတာသာ ဖြစ်ရမယ်။ အကြံပေးခွင့်တော့ ရှိရမယ်။ မဟုတ်ရင် ဘာဖြစ်လို့လာပြီးတော့ထိုင်နေမှာလဲ။ ဒီတော့ အစည်းအဝေးတွေတက်မယ်၊ အကြံပေးမယ်။ အဲဒီသဘောလောက်တော့ ရှိရမယ်။

မေး။ တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းမှာနဲ့ ပတ်သက်ပြီး ဗဟိုချုပ်ကိုင်မှုစနစ်တစ်ခုပေါ်လာမယ်ဆိုပြီး စိုးရိမ်နေတဲ့သူတွေလည်း ရှိပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။

ဖြေ။ အပြင်မှာစိုးရိမ်နေကြတဲ့ ဝေဖန်မှုတွေကို ကျွန်တော် အတိအကျ မသိပါဘူး။ သူတို့ကို ကျွန်တော် အပြည့်အဝထောက်ခံတာမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တက္ကသိုလ်များဗဟိုကောင်စီဆိုပြီး ဝန်ကြီးဌာနအသစ်လိုမျိုး ပေါ်လာခဲ့ရင်တော့ ဗျူရိုကရေစီတွေ၊ ကြိုးနီစနစ်တွေ အများကြီးဝင်လာပြီး ပြဿနာတွေ အများကြီးဖြစ်လာနိုင်တယ်။ ဒါကြောင့် စီမံခန့်ခွဲမှုကို တက္ကသိုလ်များဗဟိုကောင်စီက မကိုင်နဲ့။ အထက်မှာ ပြောခဲ့ပြီးသလိုပဲ ရင့်ကျက်ပြီးသားတက္ကသိုလ်တွေကိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးလိုက်။ တက္ကသိုလ်များဗဟိုကောင်စီကတော့ ပညာရေးကို ကိုင်တွယ်ရမယ်။

ဒီအခါမှာ တက္ကသိုလ်တစ်ခုစီရဲ့ ဖွဲ့စည်းပုံဟာ အရေးကြီးလာပြီ။ တက္ကသိုလ် တစ်ခုစီ တစ်ခုစီတိုင်း၊ တက္ကသိုလ်အုပ်စုတိုင်းမှာ တက္ကသိုလ်ကောင်စီတွေ ရှိရမယ်။ တက္ကသိုလ်ကောင်စီမှာ ပါမောက္ခချုပ်။ ပါမောက္ခတွေက ရာခိုင်နှုန်းတစ်ဝက်နဲ့ ပြင်ပပညာရှင်တွေက ရာခိုင်နှုန်းတစ်ဝက်စီ ပါဝင်ရမယ်။ ဒါမှ Check and Balance လုပ်နိုင်မယ်။ ပြင်ပပညာရှင်တွေက အလုပ်ပြုတ်သွားမလားဆိုတဲ့ အကြောက်တရားမျိုးမရှိတဲ့အတွက် ပွင့်ပွင့်လင်းလင်းပြောရဲတယ်။ ဒါကြောင့် ပွင့်ပွင့်လင်းလင်းပြောရဲတဲ့လူ ငါးဆယ်ရာခိုင်နှုန်းရှိဖို့လိုတယ်။ ဒီအဖွဲ့ဟာ တက္ကသိုလ်တစ်ခုရဲ့ အမြင့်ဆုံး အဖွဲ့ဖြစ်ရမယ်။ ပါမောက္ခချုပ်ဟာ ဒီအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးသာလျှင်ဖြစ်ရမယ်။ ဥက္ကဋ္ဌလိုနေရာမျိုးမှာ ပါမောက္ခချုပ် မဖြစ်ရဘူး။ လူတစ်ယောက်တည်းရဲ့လက်ထဲမှာပဲ အာဏာရှိတယ်ဆိုတာမျိုး မဖြစ်စေရတော့ဘူး။ အရင်က

ဦးညီလှငယ် (အဆင့်မြင့်နည်းပညာတက္ကသိုလ်များပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ)

များခဲ့လို့ ကျွန်တော်တို့တိုင်းပြည်ဟာ နစ်နာခဲ့ပြီးပြီ။ နောင်ကို အဲဒီလို မဖြစ်စေချင်ဘူး။ ဒါကြောင့် ပညာရှင်တွေရဲ့ အသံတွေကို တင်ပြခွင့်ရှိရမယ်။

မေး။ ပညာရေးပြောင်းလဲမှုနဲ့ပတ်သတ်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေပညာရေးကိုမီအောင် ဘယ်နနှစ်လောက်များ စောင့်ရဦးမယ် ထင်ပါသလဲ။

ဖြေ။ ဒါကတော့ စနစ်နဲ့ အုပ်ချုပ်မှုအပေါ်မှာ မူတည်တယ်။ ပထမဦးဆုံး စနစ်ကို ပြောင်းလဲရမယ်။ စနစ်ကို မပြောင်းလဲလို့ကတော့ ဘာပဲလုပ်လုပ်မရဘူး။ အရင်ကလို တစ်ခုခုလုပ်ဖို့အတွက် အောက်ခြေကနေ အထက်ထိရောက်အောင် အဆင့်ဆင့်စာရေးတင်။ ပြီးတော့ စောင့်စားနေရတာမျိုးကြောင့် အလုပ်လုပ်ရာမှာ အလွန်ကို နှေးခဲ့ရတယ်။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရမယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရင် ခေါင်းဆောင်တော်ရင် တော်သလောက် ရှေ့ကို ပြေးမှာပဲ။ လွတ်လပ်စွာဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိတဲ့ စနစ်ကို ပြောင်းပေးရမယ်။ ဆရာတွေကို နိုင်ငံခြားပညာတော်သင်တွေစေလွှတ်ရမယ်။ ပညာသင်တော့ လွှတ်ပါရဲ့။ ပညာသင်ပြီး ဘွဲ့ထူးဂုဏ်ထူးတွေလည်း ရလာတယ်။ မြန်မာနိုင်ငံပြန်ရောက်တော့ အုပ်ချုပ်ရေးပိုင်းမှာ ပါမောက္ခချုပ် ဝင်လုပ်တယ်ဆိုတာဟာ တကယ့်ကို နှမြောဖို့ကောင်းပါတယ်။ အမှန်တကယ်က ပြန်လာရင် ကိုယ့်နိုင်ငံမှာ သုတေသနလုပ်ရမယ်။ စာအုပ်တွေ ရေးသားထုတ်ဝေရမယ်။ ဒီတော့ ပါမောက္ခရာထူးကိုသာ ခင်မင်မက်မောတဲ့ တက္ကသိုလ်အသိုင်းအဝိုင်းဖြစ်အောင် ကျွန်တော်တို့ ကြိုးစားကြရမယ်။ ပါမောက္ခချုပ်ဆိုတာဟာ ခဏတာ အုပ်ချုပ်ရေးတာဝန်သာဖြစ်တယ်။ တကယ်တော့ တက္ကသိုလ်မှာ တန်ဖိုးအရှိဆုံးရာထူးက ပါမောက္ခရာထူးပါ။ ဒါ့အပြင် တက္ကသိုလ်တွေမှာ သုတေသနကိုအားပေးတဲ့ ဝန်းကျင်မျိုးဖြစ်အောင် ဖန်တီးပေးရမယ်။ တက္ကသိုလ်များဗဟိုကောင်စီနဲ့ တက္ကသိုလ်ဖွဲ့စည်းပုံကို ဆက်စပ်ပြီးစဉ်းစားဖို့လိုလာပါပြီ။ လျစ်လျူရှုလို့မရဘူး။ ဒါတွေဟာ ကျွန်တော်တို့အတွက် အသက်ပဲ။

ဦးသက်လွင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့

မေး။ တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းမှာနဲ့ ပတ်သတ်ပြီးတော့ ဆရာကြီးရဲ့ သဘောထားအမြင်ကို သိချင်ပါတယ်။

ဖြေ။ နိုင်ငံတိုင်းမှာ တက္ကသိုလ်များဗဟိုကောင်စီဆိုတာ ရှိပါတယ်။ မြန်မာနိုင်ငံမှာ တက္ကသိုလ်များဗဟိုကောင်စီ ဘာကြောင့်ဖွဲ့ရသလဲဆိုတော့ ဝန်ကြီးဌာန ၁၃ ခုအောက်မှာ သီးခြားစီပြန့်ကျဲနေတဲ့ ဒီတက္ကသိုလ်၊ ကောလိပ်တွေအားလုံးကို ညှိဖို့လိုအပ်လာပြီ။ အိုင်တီခေတ်ပေါ်လာတယ်။ အွန်လိုင်းဆက်သွယ်မှုကြောင့် ပညာရပ်တွေ ထွန်းကားလာတယ်။ ခေတ်နဲ့အညီ ကျွန်တော်တို့က တက္ကသိုလ်အားလုံးနဲ့ ချိတ်ဆက်ပြီး inter-discipline တွေလုပ်ဖို့လိုလာမယ်။ နောက်တစ်ချက်က ၂၀၁၅ ခုနှစ်မှာ အာဆီယံအသိုက်အဝန်းရယ်လို့ ဖြစ်လာတော့မယ်။ အိုင်တီခေတ်ကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းဝင်လာတယ်။ တတ်နိုင်တဲ့ကလေးတွေ နိုင်ငံခြားထွက်ပြီး ပညာသင်ကြတယ်။ ဒီမှာ ပြဿနာက ကျွန်တော်တို့ သင်ပေးလိုက်တဲ့ ဒီကလေးတွေကို ဟိုဘက်နိုင်ငံတွေက အသိအမှတ်ပြုဖို့လိုအပ်လာတယ်။ quality assurance system ဆိုတဲ့စကားလုံး ပေါ်လာတယ်။ ကျောင်းသားရွှေ့ပြောင်းမှု၊ လုပ်သားရွှေ့ပြောင်းမှုဖြစ်လာတဲ့အခါမှာ ကျွန်တော်တို့အတွက် တန်းညှိစနစ်တစ်ခု (credit transfer system) လိုလာပြီ။ အဲဒါကို အရည်အသွေးတစ်ခု သတ်မှတ်ထိန်းညှိဖို့အတွက် တက္ကသိုလ်များဗဟိုကောင်စီ (University Center Council) တစ်ခုလိုလာတယ်။ သူက ဝင်စွက်ဖက်ဖို့မဟုတ်ဘူး။ ဆက်သွယ်ပေးဖို့လမ်းကြောင်းကို တက္ကသိုလ်များဗဟိုကောင်စီက ပြုလုပ်ပေးရမယ်။ တက္ကသိုလ်အားလုံးဟာ ပေါင်းချင်ပေါင်း၊ ဒါမှမဟုတ် သီးခြားလှုပ်ရှားချင်လှုပ်ရှား၊ ဒါပေမယ့် သူနဲ့တော့ ချိတ်ထားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရပ်ခြား ကျောင်းပြောင်းပညာသင်တဲ့ ကျောင်းသားတွေအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတစ်ခုဖြစ်လာပြီဆိုရင် လူမှုရေးပြုပြင်ပြောင်းလဲမှုပါ လုပ်ရမယ်။ ဒါဆိုရင် ပညာရေးပြုပြင်ပြောင်းလဲမှု မလုပ်လို့မရဘူး။

မေး။ ဒါဆိုရင် ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းဖို့ အကြမ်းဖျင်းရေးဆွဲထားတဲ့မူကြမ်းအပေါ် ဆရာကြီးအနေနဲ့ ဘယ်လိုသဘောရပါသလဲ။

ဦးသက်လွင် (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံ ပညာရှင်အဖွဲ့)

ဖြေ။ ပထမအဆင့်မှာ ဗဟိုကောင်စီရှိရမယ်။ ပညာရေးဝန်ကြီးဌာနအောက်မှာ တက္ကသိုလ်အားလုံးရှိတယ်လို့ ကျွန်တော်မယူဆဘူး။ တက္ကသိုလ်အဆင့်မှာလည်း တက္ကသိုလ်ကောင်စီရှိရမယ်။ တက္ကသိုလ်ရှိနေတဲ့ ဝန်ကြီးဌာနကိုယ်စားလှယ်က ကောင်စီမှာရှိနေရမယ်။ နောက် သမ္မတရုံးက ဝန်ကြီးတစ်ယောက်လည်း ရှိသင့်တယ်။ တက္ကသိုလ်ပိုင်းကလည်း ရှိရမယ်။ အပြင်လောကမှာရောက်နေတဲ့ ပညာရပ်ဆိုင်ရာ ဌာနဆိုင်ရာမှ အကြီးအကဲတွေလည်း ပါဝင်ရမယ်။ ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်အချို့လည်း ပါရမယ်။ နောက်ပြီးတော့ ကျောင်းသားကိုယ်စားလှယ်။ ကျွန်တော်ပြောချင်တာ သမဂ္ဂကို ဆိုလိုတာမဟုတ်ဘူး။ ဘာသာရပ်တိုင်းမှာ ဘာသာရပ်အသင်းဆိုတာရှိတယ်။ ဝါသနာတူရာ စုဖွဲ့ထားတဲ့အသင်းတွေရှိတယ်။ ဒီထဲက ကလေးတွေကလည်း ဒီတက္ကသိုလ်ကောင်စီမှာ ပါဝင်ရမယ်။

တက္ကသိုလ်များဗဟိုကောင်စီကျတော့ ဒီထက်ပို ကျယ်ပြန့်သွားပြီ။ ဖွဲ့စည်းပုံမှာ ဘယ်သူတွေကို ထည့်စဉ်းစားမလဲဆိုတဲ့အချက်ပေါ်မှာ မူတည်တယ်။ ဗဟိုကောင်စီမှာ ဘယ်နှဦးထားမလဲဆိုတဲ့ ပြဿနာရှိတယ်။

မေး။ ဒီမူကြမ်းမှာ Associated Members တွေက လေ့လာသူအဖြစ် တက်ရောက်ခွင့်ရှိပေမယ့် မဲပေးပိုင်ခွင့်၊ အကြံပေးပိုင်ခွင့်မရှိဘူးဆိုတဲ့ အချက်အပေါ် ဆရာ့ရဲ့ သဘောထားအမြင်ကို သိချင်ပါတယ်။

ဖြေ။ ဒီဟာကတော့ လုပ်ပိုင်ခွင့်နဲ့သွားတယ်။ လေ့လာသူတွေဟာ မဲပေးလို့မရဘူး။ မဲသာပေးလို့မရတာ၊ အကြံပေးခွင့်ရရမယ်။ ဘာမဆို ပြောလို့ရတယ်။ ဒီမူကြမ်းက ပဏာမအဆင့်ပဲရှိသေးတဲ့အတွက် အများကြီးအပြောင်းအလဲတွေ လုပ်ဖို့လိုမယ်။ တခြားသူတွေရဲ့ သဘောထားတွေလည်း အမျိုးမျိုးရှိမှာပါ။ ကျွန်တော့်အမြင်ကတော့ ဖွဲ့စည်းပုံကို အခြေခံစဉ်းစားပြီး အချိုးကို နောက်မှ ညှိယူပေ့ါနော်။

မေး။ တက္ကသိုလ်များဗဟိုကောင်စီဟာ ဦးစီးချုပ်ကိုင်စနစ် ဖြစ်လာမှာမို့ လက်မခံနိုင်ပါဘူးဆိုတဲ့ ဝေဖန်မှုတွေအပေါ် ဘယ်လိုမှတ်ချက်ပြုချင်ပါသလဲ။

ဖြေ။ ကျွန်တော်ထင်တာကတော့ ဒီဘက်က လုပ်နေတဲ့အပိုင်းကို သူတို့မသိတာ။ နောက်တစ်ခုက ဒီနေ့မှာ အထက်နဲ့ အောက်ခြေက အဆက်ပြတ်နေတာ။ အထက်ကလူကြီးတွေလုပ်နေကြတဲ့သတင်းက အောက်ခြေကို မရောက်တာ။ ဝေဖန်သူတွေက တက္ကသိုလ်များဗဟိုကောင်စီရှိရင် အထက်က ချုပ်ကိုင်မယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးမှာ မဟုတ်ဘူးရယ်လို့ သူတို့ဘက်က စဉ်းစားမယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးမှာ Academic Autonomy (ပညာသင်ကြားရေးဆိုင်ရာ လွတ်လပ်စွာစီမံခွင့်)နဲ့ Staffing Autonomy (ဝန်ထမ်းခန့်ထားရေးဆိုင်ရာ လွတ်လပ်စွာစီမံခွင့်)ပေ့ါ။ နောက်တစ်ခုက Financial Autonomy (ဘဏ္ဍာရေးဆိုင်ရာလွတ်လပ်စွာစီမံခန့်ခွဲခွင့်) သူက ကိုယ်ပိုင်ရပ်တည်တဲ့အခါကျတော့ ကိုယ့်ဝင်ငွေ ကိုယ်ရှာပြီးနေရမယ်။ တက္ကသိုလ်တစ်ခုထူထောင်ရာမှာ ဘဏ္ဍာရေးအခြေအနေလိုတယ်။ ဘယ်သူက ပေးမလဲ စဉ်းစားရမယ်။ ဘဏ္ဍာရေးအခြေအနေ မလုံလောက်ရင် အဲဒီကျောင်းလည်း ပျက်မှာပဲ။ ဒါကြောင့် Financial Autonomy (ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်စွာစီမံခန့်ခွဲခွင့်)ပေးဖို့ အချိန်မတန်သေးဘူးလို့ ကျွန်တော်မြင်တယ်။

လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုရင် ပါမောက္ခချုပ်လုပ်တဲ့ ပုဂ္ဂိုလ်နဲ့ သူ့အဖွဲ့က အဲဒီလူတွေအားလုံးကို တာဝန်ယူရမယ်။ လစာပေးရမယ်။ နောက်တစ်ခုက ဆရာတစ်ယောက်ဟာ သုံးလေးနှစ်လုပ်လာပြီးမှ မတော်ဘူး။ သုတေသနလုပ်ရာမှာလည်း မအောင်မြင်ဘူးဆိုရင် အဖြုတ်ခံရမယ်။ အလုပ်အာမခံချက် မရှိနိုင်ဘူး။ နောက်ထပ် တစ်ချက်က ပင်စင်ရမလား၊ မရဘူးလား။ အဲဒီပြဿနာရှိသေးတယ်။ အစိုးရဝန်ထမ်းကတော့ ပင်စင်ရမှာ သေချာတယ်။

ပညာရေးကဏ္ဍမှာတော့ ပြုပြင်ပြောင်းလဲရေးတွေဟာ လုပ်ကို လုပ်ရမယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို ကူးပြောင်းနေတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို သွားနေတယ်။ ပုဂ္ဂလိကကဏ္ဍကို အားပေးနေတယ်။ နောက်တစ်ခုက အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်တဲ့အပြင် အလှည့်ကျဥက္ကဋ္ဌရာထူးကိုလည်း ယူထားရတယ်။ အစိုးရကလည်း ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွေကို ဦးဆောင်လုပ်နေတယ်။ တစ်ဖက်က နိုင်ငံရေးပါတီတွေကလည်း ပညာရေးကဏ္ဍကို တအားစိတ်ဝင်စားကြတယ်။ သူတို့အမြင်နဲ့ ဝေဖန်တာတွေ အများကြီးရှိတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ကိုယ်လျှောက်တဲ့လမ်းမှာ ကိုယ်မှန်တယ်ထင်တာချည်း လုပ်လို့မရဘူး။ ဝေဖန်မှုတွေကို တည့်မတ်ပေးတယ်လို့ ယူဆရမယ်။ ဒါပေမယ့် ကျွန်တော်တို့ လုပ်တာ သူတို့မသိရင်တော့ သူတို့ရဲ့ ဝေဖန်ချက်ဟာ အဲဒီလောက်ကြီး

ဦးကြည်ဝင်း (လသာမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ)

အခြေမခိုင်ဘူးပေ့ါ။ ပြောင်းလဲမှုလုပ်ကိုင်နေသူတွေက လုပ်ကိုင်နေတာတွေကို ချပြဖို့လိုသလို ဝေဖန်သူတွေကလည်း ထဲထဲဝင်ဝင် လေ့လာကြဖို့လိုတယ်။

ဦးကြည်ဝင်း
လသာမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ

မေး။ လက်ရှိ တက္ကသိုလ်များဗဟိုကောင်စီဖွဲ့မယ့်အပေါ်မှာ သဘောတူညီမှုတွေရှိသလို ကွဲလွဲမှုတွေလည်းရှိနေတယ်ဆိုတော့ အန်ကယ့်အမြင်နဲ့ သဘောထားလေး ပြောပြပေးပါ။

ဖြေ။ တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းမှုကို လက်ခံပါတယ်။ ဒါဟာ နိုင်ငံတကာမှာလည်း ရှိတယ်လေ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ဖို့ဆိုတာ ပညာရေးနဲ့ကင်းကွာလို့မရပါဘူး။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ သူ့ဒေသတွင်း မူဝါဒဆိုတာရှိပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်နေပြီဆိုတာနဲ့ လူတိုင်းလူတိုင်းက စိုးရိမ်စိတ်ကို ပယ်ဖျောက်သင့်ပါတယ်။ မိမိအမြင် မိမိသဘောထားကို လွတ်လပ်စွာ တင်ပြပြောဆိုခွင့်ပေးရမယ်။ အမြင်ကိုလက်ခံရင်လည်း တစ်မျိုး၊ လက်မခံရင်လည်း ချွင်းချက်အနေနဲ့ လေ့လာသုံးသပ်သင့်ပါတယ်။

မေး။ ယခုပြုလုပ်နေတဲ့ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ဆိုင်ရာ ဆွေးနွေးပွဲကို ဆရာတို့က ပြင်ပလေ့လာသူအနေနဲ့ တက်ရောက်လာတယ်ဆိုတော့ ဘယ်လိုအကျိုးကျေးဇူးတွေများ ရရှိလည်း။

ဖြေ။ တက်ရောက်ခွင့်ရတာ ဝမ်းသာတာပေ့ါ။ အရင်အစိုးရလက်ထက်တုန်းက ဗဟိုဦးစီးစနစ်နဲ့ချုပ်ကိုင်တာဆိုတော့ အစိုးရက ဘာလုပ်တယ်ဆိုတာအပြင်က မသိကြဘူး။ ဒီပွဲကိုလာတက်တော့ အာဆီယံပညာရေးစနစ်၊ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ် နှိုင်းယှဉ်ထားတဲ့ scale တွေ သိလာရပါတယ်။ ဆွေးနွေးပွဲများများလုပ်လေ နားလည်မှုရလေလေပေ့ါ။ အခုဆို အစိုးရက အလုပ်လုပ်တယ်လို့ ကျွန်တော်ယူဆတယ်။

မေး။ တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းရေးမူကြမ်းမှာ ပါမောက္ခချုပ်တွေက ၇၅ ရာခိုင်နှုန်း၊ ကျန်တဲ့ ကိုယ်စားလှယ်တွေက ၂၅ ရာခိုင်နှုန်းဆိုတဲ့ လျာထားချက်အပေါ်မှာ ပြင်ပလေ့လာသူတစ်ယောက်ရဲ့သဘောထားမှတ်ချက်ကို သိချင်ပါတယ်။

ဖြေ။ လုပ်နိုင်တဲ့လူပါဝင်စေဖို့ရယ်။ ဘက်စုံပါဝင်ဖို့လိုမယ်။ ဒီမူကြမ်းမှာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးဆိုတာ စဉ်းစားဖို့လိုမယ်။ ကော်မတီထဲမှာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးဆိုတာ ဘယ်လိုကျောင်းသားမျိုးကို သတ်မှတ်မှာလည်း။ လူတွေအမြင်မှာလည်း ကျောင်းသားဦးရေ နည်းမယ်လို့ ထင်ပါတယ်။ ကျောင်းသား သမဂ္ဂဆိုတာလည်းမရှိသေးတော့ ကျောင်းသားကို ပစ်ပယ်လို့ မရဘူးပေ့ါ။ ကျောင်းသားက လူငယ်ဆိုတော့ လူငယ်ကို ပိုမိုပါဝင်စေချင်တာပေ့ါ။ လူငယ်ရဲ့ အမြင်လည်းပါဝင်မှုရမယ်လေ။ ဒါမှ နိုင်ငံအတွက်လည်း အကျိုးရှိမှာပေ့ါ။ သတ်မှတ်ရည်ရွယ်ထားတဲ့အတိုင်းထက် နည်းနည်းပြောင်းလဲလိုက်ရင် ပိုကောင်းတာပေ့ါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ် ၁/၂၀၁၄
၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒောဘာသ၊ သိဂီဦးကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ဘဒ္ဒန္တအရိယဝံသ၊ အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်၊ လက်သမား ရပ်ကွက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနာဂိန္ဒ၊ မြို့မပရိယတ္တိစာသင်တိုက်၊ အမှတ်(၄) ရပ်ကွက်၊ ရွှေကူမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တနန္ဒောဘာသ၊ အုတ်ကန်တောရပရိယတ္တိစာသင်တိုက်၊ မြဝတီ ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျပရိယတ္တိစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်
၄။ ဘဒ္ဒန္တနာယက၊ မဟာဝိဇယာရာမ(ပါဠိတက္ကသိုလ်) အရှေ့တိုက်၊ အမှတ်(၁) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တပညာဇောတ၊ မဟာဝိသုတာရာမ (အလယ်တိုက်)၊ အမှတ် (၁၀) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တရေဝတ၊ မြို့ဦးပရိယတ္တိစာသင်တိုက်၊ မြို့မအရှေ့ရပ်ကွက်၊ မြစ်သား မြို့၊ မန္တလေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ၊ မဟာရွှေစေတီကျောင်းတိုက်၊ ကြက်မင်းတွန် ရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဇောတိက၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏသိရီ၊ သီရိမင်္ဂလာဆန်ဆိုင်းကျောင်းတိုက်၊ ဆန်ဆိုင်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကေတုမာလာ၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရှမ်းစုမြောက် ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တခေမိန္ဒာဘိပါလ၊ ပုပ္ဖာရုံကျောင်းတိုက်၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော် မြို့၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တသီလာနန္ဒ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဇောတိပါလာလင်္ကာရ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ အောင် ချမ်းသာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တနေမိန္ဒ၊ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်
၆။ ဘဒ္ဒန္တကုဏ္ဍလ၊ ဖျောက်ဆိပ်ပင်ပရိယတ္တိစာသင်တိုက်၊ လက်ပန်တုံး ကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တနန္ဒိယ၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံး ဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တအာသဘ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွား ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တကောဝိဒ၊ ငြိမ်းချမ်းရိပ်မြုံဓမ္မာစရိယသင်တန်းကျောင်း၊ ဆရာစံ ရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်
၁၀။ ဘဒ္ဒန္တနန္ဒသေနာလင်္ကာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်-၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တတေဇဓမ္မာဘိဝံသ၊ ရွှေဟသ်ာတောရကျောင်းတိုက်၊ အမှတ်-၇ ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

သီလရှင်ဆရာကြီး

၁၂။ ဒေါ်ပုညဝတီ၊ ဧသုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသောပါက၊ ခေမာရာမစာသင်တိုက်၊ အမှတ်-၉ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တဝိစက္ခဏ၊ အောင်စည်သာပရိယတ္တိစာသင်တိုက်၊ အောင်စည်သာ ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၃။ ဘဒ္ဒန္တက္ကန္ဒာစာရာလင်္ကာရာဘိဝံသ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ အမှတ် ၆/၁၈-ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပညာသာမိ၊ မယ်ဇယ်ပင်ပညာလင်္ကာရစာသင်တိုက်၊ ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တနန္ဒသာရ၊ အလယ်ကျောင်းစာသင်တိုက်၊ မြို့မဈေးရပ်ကွက်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်
၆။ ဘဒ္ဒန္တကန္ဒာစာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်-၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တနန္ဒက၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ အမှတ်-၁၄ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသုနန္ဒ၊ မြို့လယ်ပရိယတ္တိစာသင်တိုက်၊ အမှတ်-၂ ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၉။ ဘဒ္ဒန္တနာယက၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

သီလရှင်ဆရာကြီး

၁၀။ ဒေါ်စန္ဒာသီရိ၊ မဟာစည်သာသနာ့ရိပ်သာသီလရှင်စာသင်တိုက်၊ ရွာမ ရပ်ကွက်၊ နတ္တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တခေမိန္ဒ၊ ဝေဠုဝန်တိုက်သစ်ပါဠိတက္ကသိုလ်စာသင်တိုက်၊ အမှတ်-၁ ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တပဏ္ဍဝ၊ မြို့ဦးပရိယတ္တိစာသင်တိုက်၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်
၃။ ဘဒ္ဒန္တဇောတိက၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့တွင်း ကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဥတ္တမမောဠိ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တရေဝတ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသုမနသာရာလင်္ကာရ၊ ဂန္ဓာရုံဘုံကျော်စာသင်တိုက်၊ ဆတ်သွား ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ၊ သာသနမူလိကာရာမကျောင်းသစ်ကျောင်း၊ အမှတ်-၃ တန်းမြင့်ကျောင်းရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်း ဒေသကြီး
၈။ ဘဒ္ဒန္တဇနိန္ဒ၊ မဟာသန္တာရုံကျောင်းတိုက်၊ ညောင်ကွဲရပ်ကွက်၊ အောင်မြေ သာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဝိမလ၊ ရွှေတောင်ကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၀။ ဘဒ္ဒန္တကုသလ၊ အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်၊ ဒွါရာဝတီမြို့သစ်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်
၁၁။ ဘဒ္ဒန္တက္ကန္ဒာဝုဓ၊ ပညာမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်၊ ဘောင်းဒွတ်သားစု ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၁၂။ ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ၊ မင်္ဂလသိရီပရိယတ္တိစာသင်တိုက်၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တကေသရ၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ အမှတ်(၂) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တသူရိန္ဒ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း က-ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တသဇ္ဇန၊ ဘုရားကြီးအနောက် ပရိယတ္တိစာသင်တိုက်၊ ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၁၆။ ဘဒ္ဒန္တသုဘောဂ၊ ဟော်ခမ်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ လဲချားမြို့၊ ရှမ်းပြည်နယ်
၁၇။ ဘဒ္ဒန္တဉာဏသိရီ၊ တိုက်သစ်ပဇ္ဇောတာရုံကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

သီလရှင်ဆရာကြီးများ

၁၈။ ဒေါ်စန္ဒာသီရိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ပရိယတ္တိစာသင်တိုက်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၉။ ဒေါ်စန္ဒကလျာ၊ သီတာဧပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၂၀။ ဒေါ်ဝိစိတ္တာ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီး တံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိဇယ၊ မဟာဝိဇယရုံသီစလေကျောင်းတိုက်၊ ချမ်းတောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တကေသရ၊ ဝင်းစိန်တောရကျောင်း၊ မြိုင်ကုန်းကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၃။ ဘဒ္ဒန္တဓမ္မသာရ၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်၊ ဓမ္မရိပ်သာလမ်း၊ တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဘဒ္ဒန္တအနုဓိဝရ၊ ဓမ္မာရုံရွှေကျင်ကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဇနိန္ဒာဓိပတိ၊ ကန်ခုနစ်ဆင့်၊ ဒေါတပူးထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်း၊ ဒေါတပူးကျေးရွာ၊ ဒီမောဆိုးမြို့၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တဝဏ္ဏ၊ ကော့ပေါက်ရွှေကျောင်း၊ ကော့ပေါက်စံပြကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ၊ မိုးကောင်းကျောင်းတိုက်၊ ဗိုလ်အောင်ဇေယျ ရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသြဘာသ သီရိမင်္ဂလာစာသင်တိုက်၊ ချုံအင်းကျေးရွာ၊ ရေတာရှည် မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တစိတြဉာဏ၊ အင်ဘက်တောကျောင်းတိုက်၊ အင်ဘက်တောကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပညာဝံသ၊ ရွာသာကျောင်းတိုက်၊ ရွာသာကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဝေပုလ္လ၊ ရွှေကျီးနားကျောင်းတိုက်၊ ရန်နိုင်ရပ်၊ စဉ့်ကိုင်မြို့၊ မန္တလေး တိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဇောတိက၊ ဖောင်တော်ဦးကျောင်းတိုက်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တပုညနန္ဒ၊ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၁၀။ ဘဒ္ဒန္တကောသလ္လ၊ ဓမ္မသိပ္ပံရွှေကြို့ပင်ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ ချင်းကုန်းကျေးရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၁။ Venerable Mok Tak (Sang Kyoung Chan)(ဘဒ္ဒန္တမော့တက်)၊ Hey-Eun ဘုန်းတော်ကြီးကျောင်း၊ Seokyo Dong ရပ်ကွက်၊ Mapa-Gu၊ ဆိုးလ်မြို့၊ ကိုရီးယားသမ္မတနိုင်ငံ
၁၂။ Most Ven.Shi Chang Zang(ဘဒ္ဒန္တရှီချန်းဇန့်)၊ လင်ကွမ်းကျောင်းတိုက် (စွယ်တော်တိုက်)၊ ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၁၃။ ဘဒ္ဒန္တဆွမ်ဒွေ့စ်ဖရမဟာရတ်(ဇ်) မင်္ဂလာကျန်(ဝရပုညမဟာထေရ)၊ ဝပ်ပါ(က်)နန့်ကျောင်းတိုက်၊ ဖစီကျရိန်မြို့နယ်၊ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ
၁၄။ ဘဒ္ဒန္တဓမ္မာစိဏ္ဏ၊ ဝပ်စီကျောင်းလီယန်းကျောင်းတိုက်၊ မယ်တန်ကျေးရွာ၊ ဖယောင်းမြို့၊ ထိုင်းနိုင်ငံ
၁၅။ Ven. Bhikshu Sheelabhadra Mahasthavir(ဘဒ္ဒန္တရှီလာဘာဒရာ)၊ Manimandap Mahavihara ကျောင်း၊ ပါတာကိုရပ်ကွက်၊ လာလိတပူရ မြို့၊ နီပေါနိုင်ငံ
၁၆။ Most Ven. Maha Vanna Soriyavong (ဘဒ္ဒန္တမဟာဝဏ္ဏသောရိယဗွန်)၊ မယ်ဆိုင်ကျောင်း၊ ဗီယင်ကျန်းမြို့၊ ချန်သာဘူရီခရိုင်၊ လာအိုနိုင်ငံ
၁၇။ Most Ven.Ambevela Pannasara Mahanayaka Thero(ဘဒ္ဒန္တ အမ်ဘယ်ဗလပန်နာစာရမဟာနာယကထေရ်)၊ ဗုဒ္ဓလောကမဟာဝိဟာရ ကျောင်း၊ ဆူဝါရပူလမြို့၊ ပီလီယံလေခရိုင်၊ သီရိလင်္ကာနိုင်ငံ

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တရေဝတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဝေပုလ္လ၊ ရတနာသီရိပရိယတ္တိစာသင်တိုက်၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တနန္ဒောဘာသ၊ အမှတ်(၁)ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၊ ရွှေသိမ်တော်ကျောင်းတိုက်၊ ညောင်ပင်ကန်ကျေးရွာ၊ မြင်းမူ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဇဝန၊ စစ်ပြဲတိုက်ကျောင်း၊ စစ်ပြဲကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဝိလာသ၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဇိုင်းဂနိုင်းမြောက်ပိုင်း ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ပတ္တပိုဏ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဖူလုံကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တကဥ္စန၊ ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်၊ မလှိုင်မြို့၊ မန္တလေးတိုင်း ဒေသကြီး
၈။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ၊ သန္တာရုံကျောင်းတိုက်၊ ဖလံကုန်းကျေးရွာ၊ နွားထိုးကြီး မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဝရိန္ဒ၊ သရက္ခါရာမရွာကြားကျောင်းတိုက်၊ ရွာကြားရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

စာမျက်နှာ ၁၀ မှ

၁၀။ ဘဒ္ဒန္တဝိသေသ၊ ဇေယျာသီရိဝိသေသာရာမကျောင်းတိုက်၊ ဇေယျာသီရိဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၁။ ဘဒ္ဒန္တဝိဇယ၊ မောရဝတီထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မောရဝတီ(စံပြ)ကျေးရွာ၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်

၁၂။ ဘဒ္ဒန္တပဏ္ဍဝံသ၊ အောင်ဇမ္ဗူတောရဓမ္မရိပ်သာကျောင်းတိုက်၊ ရေပြာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တနရနာထ၊ မဟာဝန်ကျောင်းတိုက်၊ မူဆယ်မြို့၊ရှမ်းပြည်နယ်

၁၄။ ဘဒ္ဒန္တသူရိယ၊ ရွှေတောင်တန်းပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့၊ရှမ်းပြည်နယ်

၁၅။ ဘဒ္ဒန္တပညာဝံသ၊ မုခ်ထုတ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဗိုလ်ချုပ်လမ်း၊ ရွာသစ်ရပ်ကွက်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၆။ Dr.Shin Jin Yao(ဒေါက်တာဘဒ္ဒန္တရှင်ဂျင်ယို)၊ ချီဖာကျောင်း၊စင်တီမြို့၊ ထိုင်ဝမ်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၁၇။ ဘဒ္ဒန္တနိယံဂေါဒဝိဇေ္ဇသီရိအနုနာယကထေရော၊ မောဝတု မဟာဝိဟာရယကျောင်းတိုက်၊ ကန္ဒီမြို့၊သီရိလင်္ကာနိုင်ငံ

၁၈။ ဘဒ္ဒန္တအရိယဓမ္မ၊ သီတဂူဗုဒ္ဓဝိဟာရကျောင်းတိုက်၊ အော်စတင်မြို့၊ တက္ကဆက်ပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

၁၉။ ဘဒ္ဒန္တဇဝန၊ မဟာအောင်မြေကျောင်း၊ ဗုဒ္ဓဂယာ၊ ဂယာမြို့၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ

သီလရှင်ဆရာကြီးများ

၂၀။ ဒေါ်မာလာရီ၊ မဟာပုညကာရီသီလရှင်သင်(အမျိုးသမီး)ပညာရေးမူလတန်းလွန်ကျောင်း၊ မင်္ဂလာရပ်ကွက်၊လှိုင်ကော်မြို့၊ ကယားပြည်နယ်

၂၁။ ဒေါ်ဇဝနစာရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့၊စစ်ကိုင်းတိုင်းဒေသကြီး

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒမာလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အိုင်စန့်သာသနာပြုဌာန၊ အိုင်စန့်ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တခေမာစာရ၊ ကော့ပလံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကော့ပလံထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ကော့ပလံကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တဝါသေဋ္ဌ၊ လွန်ဒုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လွန်ဒုံကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်

၄။ ဘဒ္ဒန္တအာလောက၊ ဒိုးပင်ချောက်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သစ်ချောက်ကျေးရွာ၊ကလေးဝမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တပဏ္ဍိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အမှတ် (၁) ရပ်ကွက်၊ခါမ်းပါတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဥတ္တမ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ လေရှီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဉာဏဝံသ၊ စံကျောင်းတိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တစိန္တိတ၊ မစိုးရိမ်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသောမာစာရ၊ ရွှေပေါက်ပင်တောရကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တပညောဘာသ၊ ဝေဠုဝန်စာသင်တိုက်၊ အမှတ် (၁၇) ဘုန်းတော်ကြီးသင်ပညာရေးပရဟိတကျောင်း၊ ကျောက်တန်းစံပြကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိမလ၊ ကမ္ဘာအေးကျောင်းတိုက်၊ အမှတ် (၁) ရပ်ကွက်၊ ဆင်ပေါင်ဝဲမြို့၊ မကွေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တသြဘာသ၊ "ကာတောင်" သာသနာပြုသာသနဟိတဝေပုလ္လကျောင်းတိုက်၊ အမှတ် (၄) ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ထန်းပင်ချောင်းကျေးရွာ၊ ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တအာဒိစ္စ၊ ဇေတဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အမှတ် (၃) ရပ်ကွက်၊ ငှက်ပစ်တောင်ရပ်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တထေရာဝံသ၊ မြို့တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီရိမင်္ဂလာရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၅။ ဘဒ္ဒန္တအရိယဝံသ၊ ရွှေစေတီပရိယတ္တိစာသင်တိုက်၊ ရွှေစေတီဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောင်းတက်လမ်းရပ်ကွက်၊စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တဂန္ဓမာ၊ မန်အိုင်ခေးတိုင်းကျောင်းတိုက်၊ အမှတ် (၅) ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၁၇။ ဘဒ္ဒန္တရာဇိန္ဒ၊ အောင်မင်္ဂလာဝမ်အဲန်ပရိယတ္တိစာသင်တိုက်၊ ရပ်ကွက် (၂)၊ ပင်လုံမြို့၊ ရှမ်းပြည်နယ်

၁၈။ ဘဒ္ဒန္တဝိဇေယျ၊ မြို့လယ်မင်္ဂလာရုံကျောင်းတိုက်၊ အမှတ် (၃) ရပ်ကွက်၊ သိန်းနီမြို့၊ ရှမ်းပြည်နယ်

၁၉။ ဘဒ္ဒန္တကုမာရ၊ ကွင်းကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျိုက်ပိကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၀။ Ven.Thieu Quou Trung (or) Ven.Sui Minh Tong (ဘဒ္ဒန္တထိဒုကွေ့ထရန် (ခ) ဆူအီမင့်တန်)၊ Bao Tang Chon Ngon Tong ကျောင်း၊ Dai Lai မြို့၊ Dai Lai ပြည်နယ်၊ ဗီယက်နမ်နိုင်ငံ

၂၁။ ဘဒ္ဒန္တစန္ဒြမုနိ၊ အလောကတီလကျောင်း၊ ခက္ခရာသရီမြို့၊ ခက္ခရာသရီခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

သီလရှင်ဆရာကြီးများ

၂၂။ ဒေါ်စန္ဒသိင်္ဂီ၊ တိုင်းရင်းသားမိဘမဲ့သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်း၊ ဝဲကျွန်းညောင်ရမ်းရပ်ကွက်၊ ထားဝယ်မြို့၊တနင်္သာရီတိုင်းဒေသကြီး

၂၃။ ဒေါ်သီရိစန္ဒာ၊ သန္တိသုခသီလရှင်သင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်

၂၄။ Dr.Apinat Kitiptunt (ဒေါက်တာအာပီနက်ကီတစ်တန့်) အိမ်အမှတ် (၂၇၅)၊ ဝေဘာဝတီလမ်း၊ ဗန်ကောက်မြို့၊ထိုင်းနိုင်ငံ

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုဇာတ၊ ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ အမှတ် (၉) ရတနာဒီပရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တဝရဉာဏ၊ မင်းရပ်ချောင်ပဋိပတ္တိသာသနာ့ရိပ်သာ၊ မင်းရပ်ကျေးရွာ၊ လောင်းလုံမြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဝဏ္ဏီသ၊ ဝမ်းတော်ပြည့်ပရိယတ္တိပဋိပတ္တိသာသနာပြုကျောင်းတိုက်၊ ကျီတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တအာစရသိက္ခ၊ ကသစ်ဝိုင်အောင်ချမ်းသာဓမ္မရိပ်သာကျောင်းတိုက်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၅။ ဘဒ္ဒန္တကုသလ(အရှင်စင်တောက်)၊ လင်ဂျူးတောင်ဗုဒ္ဓသာသနာပြုစခန်း၊ ဟောင်ကောင်မြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပရမ၊ ကံသာဓမ္မရိပ်သာကျောင်းတိုက်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဇာဂရ၊ ရေဦးကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသြဘာသ၊ အဖွဲ့ခွဲအမှတ်(၃၇၄)၊ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တအဂ္ဂစာရ၊ မြို့ဦးဓမ္မာရုံကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ လယ်ဝေးမြို့၊ နေပြည်တော်

၃။ ဘဒ္ဒန္တသောဘန၊ တောင်ပေါ်ကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ၊ မုရစ်ကြီးကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တနန္ဒသာရ၊ သုဓမ္မာကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၅၀၈)၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသီလဝံသ၊ သစ္စဝါဒီဓမ္မရိပ်သာကျောင်းတိုက်၊ (၁၀)လမ်း၊ အမှတ်(၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသုပညာ၊ ကမ္မဋ္ဌာန်းတောင်ကျောင်း (မူလမင်းကွန်းဇေတဝန်သာသနာ့မာရ်အောင်ကမ္မဋ္ဌာန်းတိုက်)၊ စယ်လန့်ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၇။ Zhao Wendida (ဘဒ္ဒန္တဝဏ္ဏိတ)၊ ဗောဓိစီကျောင်းတိုက်၊ မန်စီမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ခင်လှ၊ အကွက်အမှတ်(၁၉၉)၊ ဆိုင်းတန်းရပ်၊ သဘော်တန်း၊ ၂၆(ဘီ)လမ်း×၈၉လမ်းထောင့်၊ အောင်မြေသာစံမြို့ နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဒေါ်ခင်ကြည်၊ အမှတ်(၈၆၇)၊ မဟာဗောဂလမ်း၊ ၈-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးတင်ရွှေ၊ အမှတ်(၁၀)၊ သီရိဂုဏ်ရည်ခြံ၊ ဂွတ္တလစ်ရေကူးကန်လမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီဟသုဒ္ဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးသန်းထွန်း၊ မန်ကျီးကုန်းလမ်း၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်မာမာ၊ အမှတ်(၁၉)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျော်စွာဝင်း(ခ)ဦးမြကျော်စွာဝင်း၊ တိုက်အမှတ်(၃၃)၊ ၂၅-လမ်း၊ ၈၁×၈၂ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဦးရွှေသိုင်း၊ အမှတ်-၁၈၊ ဘောက်ထော်ဘူတာရုံလမ်း၊ ၁၅-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးအောင်ကြီး၊ တိုက်-၄၊ အခန်း-၀၀၂၊ သာယာကုန်းလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါက်တာဦးရဲအောင်၊ အမှတ်(၂၇/က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဦးစိုင်းအုန်းခင်၊ အိမ်အမှတ်-၃၃၊ ဟတ်ဟင်ကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်

၆။ ဦးငွေးမြင့်၊ အမှတ်-၁၀၊ ခိုင်ရွှေဝါလမ်း၊ မြစန္ဒာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်

၇။ မစ္စတာလျူဝေချွန်(Mr.Liu Wei Chun)၊ No.44,2F,Ln-221,Huanhe S.Rd,Sanchong Dist,New Taipei City,Taiwan၊ တရုတ်တိုင်ပေ

သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်နွဲ့နွဲ့၊ အမှတ်(၇)ရပ်ကွက်၊ ကျီကုန်းရပ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်မြမြဝင်း၊ အမှတ်(၈/၃၅)၊ နေဇာလမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဒေါ်ချောချော(ခ)ဒေါ်အေးချော၊ အကွက်အမှတ်- ၆၆၁၊ ၇၉ လမ်း၊ ၃၉×၄၀ လမ်းကြား၊ ဟေမမာလာတောင်ရပ်ကွက်၊ မှန်တန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ဝင်းကြည်(ခ)ဒေါ်ခင်ဝင်းကြည်၊ အမှတ်(၉/၂၂)၊ ၂၄ လမ်း၊ ၅၉×၆၀ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါက်တာဒေါ်သင်းသင်း၊ အမှတ်(၃-စီ)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်လှကြည်၊ အမှတ်(၁၈/၁၉)၊ စိတ္တသုခလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါ်အေးအေးမာ၊ အမှတ်(၁၂/၁၄)၊ ရွှေဘုံသာလမ်း၊ (၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါ်ဝေဝေမွန်၊ အမှတ်-၉၀၊ အင်းယားလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဒေါ်ဖြူဖြူစိမ်း၊ အမှတ်-၄၂၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်မြင့်မြင့်သန်း၊ တမန်ချောင်းကျေးရွာ၊ မန်ကျည်းပင်ကျေးရွာအုပ်စု၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ပုံ

သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၁-၂၀၁၄ (စနေနေ့)

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၄၀	၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပပုံတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၉း၅၀	သုတရောင်စုံပန်းခင်း
၁၀း၁၅	ချစ်စရာ့အရွယ် ကစားကြမယ်
၁း၁၀	ဖြူ/မည်းရုပ်ရှင် "ငါ့ညီ ငါ့မြေ ငါ့အမေ" (ဒုတိယပိုင်း) (ညွန့်ဝင်း၊ ဝင်းဗိုလ်၊ ဆန်းဝင်း၊ ကြည်ကြည်ဌေး၊ မြတ်မွန်) (ဒါရိုက်တာ-ညွန့်ဝင်း)
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)



ကားသစ်ငှားရန်ရှိသည်
Hijet, 660 cc, အမိုးကိုင်း
ထိုင်ခုံပါ၊ စပေါ် ၂သိန်း၊
တစ်လ ၂သိန်းခွဲ
ဖုန်း- ၀၉၅၁၉၉၀၇၆၊ ၀၉၇၃၃၃၁၁၁၊
၀၉၄၃၁၃၀၁၇၀

ရုပ်ရှင်၌ နည်းပရိယာယ်နှစ်သွယ်

မြေနီသစ္စာ

၁၉၄၈ - ၄၉ အမျိုးသားစည်းလုံးညီညွတ်ရေး ပြိုကွဲပျက်စီးနေသော ကာလ-

ရဲဘော်ဖြူဗိုလ်ကျော်ဝင်းသည် သေပြေးရှင်ပြေး ပြေးနေသည်။ သူ့နောက်မှာ အရိပ်ပမာ KNDO စောထွန်းဝေတို့အဖွဲ့က အသေရရ အရှင်ရရ ထက်ကြပ်မကွာ လိုက်လာနေသည်။

ရှေ့မနီးမဝေးမှာ မာလာရီ၏ စားတော်ဆက်ရှိသည်။ မာလာရီသည် အနောက်တိုင်းမင်းသမီးကြီး ဂရီတာဂါးဘိုးစတိုင် ငါးသုံးလုံးစီးကရက်ကို ကြာမူ ပါပါခဲလျက် စားတော်ဆက်ရှေ့မှာ လေညင်းခံလျက်ရှိ၏။ ယင်းအခိုက် သေပြေးရှင်ပြေး ပြေးလာသော ဗိုလ်ကျော်ဝင်းသည် ခိုကိုးရာမဲ့ကြောင်ကလေးတစ်ကောင်လို သူ့ထံရှေ့မှာ ရပ်လာပြီးသော် ရိုကျိုးစွာ အသနားခံလျက်ရှိ၏။

"လုပ်ပါဦး မာလာရယ်၊ စောထွန်းဝေတို့အဖွဲ့ ကိုယ့် ချေဖို့လိုက်လာလို့ ပုန်းစရာတစ်နေရာလောက်"၊ "အော် ဒါလား လွယ်ပါတယ်၊ မာလာရဲ့ခုတင်အောက်မှာသွားပုန်းနေလိုက်" လှစ်ခနဲမာလာရီရှေ့က ဗိုလ်ကျော်ဝင်းပျောက်သွားသည်။ မာလာရီ ခုတင်အောက်မှာ ယာယီပုန်းခိုစရာရသွားလေသည်။

မရှေးမနှောင်းမှာ လက်နက်ကိုယ်စီနှင့် စောထွန်းဝေတို့သုံးယောက် ရောက်လာသည်။ ပျာယီးပျာယာနှင့် စောထွန်းဝေစမေး၏။ "ဟေး မာလာ ဟိုကောင်-ကျော်ဝင်းလေ ဒီထဲများရောက်လာသလား"၊ "ရောက်လာသလား ဟုတ်လား" မာလာ့ခုတင်အောက်မှာရောက်နေတယ်လေ" ခပ်တည်တည်နှင့် မာလာရီကတော့ အပြုံးမပျက် စီးကရက်လက်ကြားညှပ်လျက်။ မာလာရီ ခုတင်အောက်မှာ ဗိုလ်ကျော်ဝင်းကတော့ ချွေးသီးချွေးပေါက်တို့ကျလျက် "လုပ်ရက်လေ မာလာရယ်" ဟု မချိတင်ကဲဖြစ်ဟန် လက္ခဏာဖြင့် တုန်လှုပ်ချောက်ချားလျက်။

စောထွန်းဝေ(မင်းသားထွန်းဝေ) ရယ်သံက မခိုးမခန့်နှင့် သဘောကျသွားသလို ဟက်ဟက်ပက်ပက် ထွက်ပေါ်လာသည်။

"မာလာကတော့ ရယ်စရာသိပ်ပြောတာပဲ၊ ကဲ ကိုယ်တို့ ဒီကောင့်ဆက်ရှာဦးမယ်" ပြောရင်းလှစ်ခနဲ ပြေးထွက်သွားသော စောထွန်းဝေတို့ကို ကြည့်ရင်း မာလာရီသည် အောင်နိုင်သူ၏ အပြုံးဖြင့် ဗိုလ်ကျော်ဝင်းရှိရာသို့ လှည့်၍ "ကဲ ကိုယ်တော်ချောတွေသွားကြပြီ ထွက်လာတော့" ဟု ပြောလိုက်လေသည်။ ယင်းတွင် စောစောက ကြောက်လန့်နေသော ဗိုလ်ကျော်ဝင်းထွက်လာကာ "မာလာတို့လုပ်လိုက်ရင် သည်းထိတ်ရင်ဖိုနဲ့" ဆိုကာ ပြုံးရွှင်ရယ်မောလာနိုင်တော့၏။

ယင်းသည် လွန်ခဲ့သော အနှစ်(၆၀)ကျော် ၁၉၅၀ ခုနှစ်က ဗြိတိသျှဘားမားရုပ်ရှင်(ယခု-ညွန့်မြန်မာရုပ်ရှင်)က ဒါရိုက်တာ ရွှေဒုံးဘီအောင် ရိုက်ကူးသည့် မာလာရီထဲက ဇာတ်ဝင်ခန်းပင်။ ဗိုလ်ကျော်ဝင်းအဖြစ် ကျော်ဝင်း(ဤဇာတ်ကားတွင် မင်းသားကျော်ဝင်းသည် မြန်မာ့ရုပ်ရှင်လောကတွင် ပထမဦးဆုံး ကျင်းပသော အကယ်ဒမီဆုပေးပွဲတွင် အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုရသည်။) မာလာရီအဖြစ် တင်တင်မူက သရုပ်ဆောင်ထားသည်။

အမှန်တကယ် ခုတင်အောက်တွင်ရှိနေသော ဗိုလ်ကျော်ဝင်းကို ခုတင်အောက်တွင် ရှိနေပါသည်ဟု အမှန်အတိုင်း ပြောလိုက်ပါလျက်နှင့် စောထွန်းဝေက နောက်ပြောင်ပြောဆိုသည်ဟု ဘာ့ကြောင့် ထင်ရပါသနည်း၊ ယင်းသည် စိတ်ပညာကို အခြေခံထားသည့် စိတ္တဗေဒ နည်းပရိယာယ်ပြကွက်ဖြစ်သည်။ မာလာရီသည် ဗိုလ်ကျော်ဝင်းကို စောထွန်းဝေတို့လက်ထဲသို့ ရောက်ရှိစေရန် တမင်ပြောဆိုခြင်း မဟုတ်ပါ။ စောထွန်းဝေတို့ လူသိုက်တည်းခိုခန်းထဲကို ဝင်မရှာအောင် ပရိယာယ်ဖြင့် တမင်ပြောဆိုလိုက်ခြင်းဖြစ်၏။ မည်သူမျှ မိမိ ခုတင်အောက်တွင် မိမိခိုင်း၍ ပုန်းအောင်းနေရသည်ကို ခုတင်အောက်တွင် ပုန်းအောင်းနေကြောင်း မည်သူမျှ ပြောလိမ့်မည် မဟုတ်ပေ။ ဤကဲ့သို့ မည်သူမျှ မပြောသောအမှန်စကားကို ခပ်တည်တည်နှင့် အပြုံးမပျက် ပြောလိုက်ခြင်းဖြင့် ကြားရသူအဖို့ ရယ်စရာ၊ နောက်စရာဟု မှုချထင်မှားမိကြပေသည်။

စိတ်ပညာအရ အမှန်ကိုပြော၏။ ယုံနိုင်ဖွယ်မရှိပါ မယုံကြည်။ အမှားကို ပြော၏။ ယုံနိုင်ဖွယ်ရှိ၏။ ဤသို့ ဇာတ်ဝင်ခန်းတို့ကို ရုပ်ရှင်တွင် သည်းထိတ်ရင်ဖိုဖြစ်အောင် ရုပ်ရှင်ပညာရှင်တို့က ပြသတတ်ကြသည်။

ရုပ်ရှင်တွင် အမှန်ကို အမှားအဖြစ်လည်း ထင်မြင်လာအောင်ပြ၍ရ၏။ အလားတူ အမှားကို အမှန်ဟုထင်မြင်လာအောင်လည်း ပြ၍ရသောသဘောရှိ၏။ ရုပ်ရှင်ပညာရှင်တို့သည် ယင်းရုပ်ရှင်၏သဘောတရားကို အခြေခံလျက် ပရိသတ်ကို ရင်ဖိုသည်းလှိုက် ရသတစ်ခု ယင်းနည်းဖြင့် ပေးလိုက်ခြင်းပင်ဖြစ်၏။

ယင်းရင်ဖိုသည်းလှိုက်ရသကို ပရိသတ်သိပ်ကြိုက်၏။ ပြကွက်အရလည်း ဇာတ်လမ်းနှင့် အံဝင်ခွင်ကျဖြစ်၏။ လူ့သဘာဝကို ဖော်ကျူးရာလည်းရောက်၏။ ကိုယ်ချင်းစာစိတ်ဖြစ်ကာ ကြည့်ကြသော ပရိသတ်ကို ဖမ်းစားရယူလိုက်ခြင်းဖြစ်၏။ အနုပညာမြောက်အောင် ရုပ်ရှင်ပညာရှင်ကြီး ဆရာရွှေဒုံးက နည်းပရိယာယ်ဖြင့် သူချစ်သောပရိသတ်ကို ဤနည်းဖြင့် ဖျော်ဖြေတင်ဆက်လိုက်ခြင်းပင်။

ရုပ်ရှင်တွင် အမှားကိုအမှန်ထင်အောင် နည်းပရိယာယ်တစ်သွယ်ဖြင့် ပြ၏။ ယင်းနည်းပရိယာယ်တစ်သွယ်ကြောင့် ပရိသတ်"ခိုက်"၍ သည်းလှိုက်ရင်ဖိုဖြစ်သွားသောအခါ ဒီလိုမဟုတ်ပါဘူးနော် ဒီလိုပါဟု ပရိသတ်ကို "ဖြေ"စကားအချိုကလေး တည်းပေးလိုက်၏။ ပရိသတ်ကျေနပ်သွားသည်။

ဤ"ခိုက်"လှသော မာလာရီ၏ ဇာတ်ဝင်ခန်းသည် ရုပ်ရှင်၌ နည်းပရိယာယ်နှစ်သွယ်ဟု တင်စားခေါ်ဝေါ်ကြ၏။ ပရိသတ်ကြိုက်သော ခိုက်သော အခြားနည်းပရိယာယ်တို့ကိုလည်း ဆက်လက်တင်ပြပါဦးမည်။

စာမေးပွဲနီးလာ၍ ရုပ်ရှင်ရိုက်ကူးရေးများ ခေတ္တရပ်နားထားမည့် အမ်မာဝပ်ဆန်း

ဟယ်ရီပေါ်တာမင်းသမီးဟု ဆိုရလောက်အောင် ဟယ်ရီပေါ်တာဇာတ်ကားတွင် မင်းသား ဒယ်နီယယ်ရက်ကလစ်ဖ်နှင့် အတွဲညီစွာ သရုပ်ဆောင်ခဲ့သူ မင်းသမီး အမ်မာဝပ်ဆန်းက ယခုလက်ရှိတွင် ရုပ်ရှင်ရိုက်ကူးရေးများကို ခေတ္တရပ်နားထားပြီး သူ၏ ကျောင်းသင်ခန်းစာဘက်သို့ အာရုံစူးစိုက်ထားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၂၃)နှစ်အရွယ် မင်းသမီး အမ်မာဝပ်ဆန်းသည် အမေရိကန်နိုင်ငံရှိ ဘရောင်းတက္ကသိုလ်တွင် အင်္ဂလိပ်စာအဓိကဖြင့် ပညာသင်ကြားလျက်ရှိပြီး ယခုအခါ တတိယနှစ်စာမေးပွဲဖြေဆိုရန် အချိန်နီးကပ်လာပြီဖြစ်သဖြင့် စာပေကို အာရုံစိုက်ရန်အတွက် ယင်းသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသမီး အမ်မာဝပ်ဆန်းသည် ဟောလိဝုဒ်ဒါရိုက်တာများ၏ တောင်းဆိုမှုအများဆုံးရရှိသည့် မင်းသမီးတစ်ဦးဖြစ်သော်လည်း လက်ရှိအချိန်တွင် ၎င်းအနေဖြင့် ပညာရေးထက် မည်သည့်ကိစ္စကိုမျှ အလေးမပေးနိုင်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်မာဝပ်ဆန်းသည် သူ၏ အလယ်တန်းအဆင့် ပညာရေးကို ယူကေတွင် သင်ယူခဲ့ပြီး လက်ရှိတွင် သူ၏ တစ်နေ့တာ၌ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းချိန်များအပြင် တစ်နေ့လျှင် စာသင်ချိန် ငါးနာရီ ပေးထားပါကြောင်း သိရသည်။

မျိုးစန္ဒာမောင်-ရေးသားသည်

လူမှုကူညီရေးအသင်းရန်ပုံငွေ ဖျော်ဖြေပွဲကျင်းပမည်

မန္တလေး ဇန်နဝါရီ ၃

မြင့်မြတ်ရတနာ လူမှုကူညီရေးအသင်း၏ ရန်ပုံငွေဖျော်ဖြေပွဲကို မန္တလေးမြို့ ရှမ်းကျောင်း၌ ဇန်နဝါရီ ၁၄ ရက် ညနေ ၆ နာရီမှစတင်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှသိရသည်။ ရန်ပုံငွေဖျော်ဖြေပွဲအား DAGON Charity Music Tour 2014 ဟု အမည်ပေးထားပြီး အဆိုတော် R ဇာနည်၊ ဖြူဖြူကျော်သိန်း၊ ဟဲလေး၊ လွှမ်းပိုင်၊ Bobby Soxer တို့၏ သီဆိုဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် ဟာသသရုပ်ဆောင် ဒိန်းဒေါင်နှင့် ခင်လှိုင်တို့၏ ဟာသအစီအစဉ်များလည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုကာ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ အနိမ့်ဆုံးသောကုသိုလ်အလုပ်သည် မြင့်မြတ်ရတနာ၏ အလုပ်ဖြစ်သည်ဟု ခံယူထားသော မြင့်မြတ်ရတနာ လူမှုကူညီရေးအသင်းသည် မန္တလေးမြို့ (၈၈)လမ်းနှင့် (၁၉)လမ်းကြား မလဲသာရပ် ဓမ္မရုံ၌ တည်ရှိပြီး နာရေးကူညီမှုလုပ်ငန်း၊ အရေးပေါ် လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်းနှင့် လူမှုကယ်ဆယ်ရေးလုပ်ငန်းများအား ၂၀၁၂ ခုနှစ်မှ စတင်ကာ ဆောင်ရွက်နေကြောင်း သိရသည်။

(၀၀၂)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁/သမိုင်း၊ မြေကွက်အမှတ်-၂/ည$^{2}{}_{1}$၊ မြေကွက်တည်နေရာအမှတ်-၁၄၅ဘီ(1)။ သီရိမင်္ဂလာလမ်းသွယ်၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ် (ဒေါ်တင်ဥ) အမည်ပေါက် မြေပိုင်မြေ၊ အိမ်ရာမြေ မြေအား အမည်ပေါက်ထံမှ အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ် ၅၀၂၉ / ၂၀၀၃(၂၆-၁၂-၂၀၀၃)ဖြင့် ဒေါက်တာမြင့်စိုးမှ ပိုင်ဆိုင်လာပြီး ၎င်းထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၄၅၂/ ၂၀၁၃ (၄-၄-၂၀၁၃)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်ညွန့်ကြည်(ခ)VERATIN [၁၃/လရန(နိုင်)၀၁၂၉၀၆]မှ မေတ္တာဖြင့်အပိုင်ပေးကမ်းစာချုပ် ၅၀၂၉/ ၂၀၀၃(၂၆-၁၂-၂၀၀၃) မိတ္တူမှန်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်-၁၄၅၂/ ၂၀၁၃ (၄-၄-၂၀၁၃)တို့တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပေါလ်ပေါ့ဘာအားစိတ်ဝင်စားနေကြောင်း ပီအက်စ်ဂျီအတည်ပြုပြောကြား

ပြင်သစ်ပထမတန်းကလပ်၏ လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာအား ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း ပီအက်စ်ဂျီအသင်းဥက္ကဌ အယ်လ်ခီလိုင်ဖီက လူသိရှင်ကြား ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၀)အရွယ်ရှိ ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာသည် ပြင်သစ်ပထမတန်းတွင် ထိပ်ဆုံးအသင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ထားပြီး ပီအက်စ်ဂျီအသင်းအနေဖြင့်လည်း ပေါလ်ပေါ့ဘာအား ခေါ်ယူရန် နွေရာသီအထိ စောင့်ဆိုင်းမည်ဆိုသော်လည်း လက်ရှိတွင်မူ ဇာတိမြေသို့ အမြန်ဆုံး ပြန်လည်ခေါ်ယူရန် စိတ်အားထက်သန်လျက်ရှိကြောင်း အသင်းဥက္ကဌ အယ်လ်ခီလိုင်ဖီက အတည်ပြုပြောကြားခဲ့သည်။

ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာသည် ပါရီမြို့သားတစ်ဦးဖြစ်ပြီး ပြင်သစ်ဘောလုံးလောကကို ပုံဖော်မည့်ကစားသမားတစ်ဦးလည်းဖြစ်ကြောင်း အယ်လ်ခီလိုင်ဖီက ပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ပေါ့ဘာအား ခေါ်ယူလိုသော်လည်း ပေါ့ဘာ၏ လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၁၆ ခုနှစ်မှ ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

ချယ်လ်ဆီးအသင်းက ပစ်မှတ်ထားနေသော ဒီယေဂိုကော်စတာအား ပေါင် ၃၂ သန်းဖြင့် ခေါ်ယူရန် အာဆင်နယ်အသင်းပြင်ဆင်

ပြင်သစ်နည်းပြကြီး အာစင်ဝင်းဂါးကိုင်တွယ်လျက်ရှိသော အာဆင်နယ်အသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယားကို ထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း ရာသီဝက်ကာလတွင် ကစားသမားအများစုမှာ ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရခြင်းကြောင့် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဘရာဇီးနွယ်ဖွား စပိန်နိုင်ငံသား တိုက်စစ်မှူး ဒီယေဂိုကော်စတာအားခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီယေဂိုကော်စတာအား ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး အာဆင်နယ်အသင်းကလည်း ဒီယေဂိုကော်စတာအား ပြောင်းရွှေ့ကြေး ပေါင် ၃၂ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ယခုနှစ်ဘောလုံးရာသီတွင် လာလီဂါပွဲစဉ် ၁၇ ပွဲကစားပြီးနောက် သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သည်။

ဆမ်ဒိုးရီးယား၌ ပြန်လည်ကစားမည်ဆိုသော သတင်းများကို ပါးမားတိုက်စစ်မှူး ကာဆာနိုငြင်းဆို

အသက်(၃၁)နှစ်အရွယ်ရှိ ပါးမားတိုက်စစ်မှူး ကာဆာနိုသည် ၎င်း၏ ကစားသမားဘဝသက်တမ်းတစ်လျှောက်တွင် ကလပ်အသင်း ခုနစ်သင်းအထိ ကစားရန် အသင့်ရှိနေသည့်အပြင် အခြားကလပ်အသင်းတစ်ခုသို့ ပြောင်းရွှေ့ကစားရန်လည်း သတင်းများက အကြံပြုထားသည်။

ထို့ကြောင့် တိုက်စစ်မှူး ကာဆာနိုအနေဖြင့် အသင်းဟောင်းဖြစ်သည့် ဆမ်ဒိုးရီးယားအသင်းသို့ တစ်ကျော့ပြန်လည်သွားရောက်ကစားမည်ဆိုသည့် ကောလာဟလသတင်းများကို ငြင်းဆိုသွားခဲ့သည်။

ကာဆာနိုသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆမ်ဒိုးရီးယားအသင်းတွင် ကစားခဲ့ရာ စီးရီးအေသွင်းဂိုး ၉၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် အားကစားပြိုင်ပွဲ အစီအစဉ်များ အောင်မြင်စွာ ကျင်းပနိုင်စေရန် ရည်ရွယ်၍ အကြိုလှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ရာ အဆိုပါ အစီအစဉ်များနှင့် အားကစားပြိုင်ပွဲကြီးအတွက် စပွန်ဆာ ထောက်ပံ့နိုင်ရေးတွင် လုပ်ငန်းရှင်များအား ပူးပေါင်းပါဝင်ကူညီပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက -

(၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ အခန်း(၁၆) အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ၀၉-၄၂၁၁၃၇၉၆၀၊ ၀၉-၅၀၇၄၂၁၀

ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ(ပိုက်ကျော်ခြင်း)ယှဉ်ပြိုင်

နေပြည်တော် ဇန်နဝါရီ ၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးစခန်း (၃)၌ စွမ်းအင်ဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာတို့က ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့က ယှဉ်ပြိုင်သော (ရှုံး/ထွက်) ပွဲစဉ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အနိုင်ရရှိသဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

အမျိုးသမီးအားကစားပြိုင်ပွဲ ပဲခူး၌ ကျင်းပ

ပဲခူး ဇန်နဝါရီ ၃

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ကြီးမှူးကျင်းပသည့် အမျိုးသမီးအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ဆန်ကောရွက်ကစားနည်း၊ ဂုံနီအိတ်စွပ်ပြေး ကစားနည်း၊ ဖယောင်းတိုင်မီးမှုတ်ကစားနည်းနှင့် ခုံလုပွဲကစားနည်းတို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြပြီး အနိုင်ရရှိသူများကို တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ ဒေါ်မေသူက ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

ကိုကြည်လေး(ပဲခူး)

ကော့သောင်းမြို့ တပ်နယ်မှူးဖလားဖိတ်ခေါ် ပြိုင်ပွဲဖွင့်

ကော့သောင်း ဇန်နဝါရီ ၃

ကော့သောင်းမြို့ တပ်နယ်မှူးဖလား တပ်/ရပ်ကွက်/ကျေးရွာပေါင်းစုံ ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် ညနေ ၃ နာရီက ကော့သောင်းတပ်နယ် ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါတပ်နယ်မှူးဖလား တပ်/ရပ်ကွက်/ကျေးရွာပေါင်းစုံဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲကို ကော့သောင်းတပ်နယ်များမှ ဘောလုံးအသင်းများ၊ ကော့သောင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ဘောလုံးအသင်း ၁၇ သင်းတို့ ပတ်လည်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဖွင့်ပွဲနေ့တွင် ကော့သောင်းတပ်နယ်ဘောလုံးအသင်းနှင့် ပုလုံးတုံတုံးကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ဗျူဟာမှူးနှင့် ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)





အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ - ၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင် တရားမရုံး၌

၂၀၁၃ ခုနှစ်၊ တရားမ အသေးအဖွဲ့မှုအမှတ် - ၂၄၄

ကွယ်လွန်သူ ဦးစိန်လွင်၏ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဒေါ်ချိုက်တီ၊ အမှတ်(၈၃)၊ ပထမထပ် (ဝဲ)၊ ၃၇-လမ်း အမှတ်(၅)ရပ်ကွက်၊ ကျောက်တံတား မြို့နယ်။

အထက်ပါလိပ်စာနေ ဒေါ်ချိုက်တီက ကွယ်လွန်သူ ဦးစိန်လွင်၏ ညီမ ဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးစိန်လွင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်လွင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် ညနေ ၄ နာရီ လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ချိုက်တီ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မိမိမော်
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်း ဘိန်းခင်းဧက ၆၀၀ ကျော် ဖျက်ဆီးဆောင်ရွက်နိုင်

ဟားခါး ဇန်နဝါရီ ၃

ချင်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူများ၊ တပ်မတော်သားများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်အတွင်း ဒီဇင်ဘာ ၂၇ ရက်အထိမူးယစ်ဆေးဝါးအမှုပေါင်း ၂၃ မှု ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အလားတူ ဘိန်းစိုက်ပျိုးနိုင်သည့် ဒေသများသို့လည်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။အသိပညာပေးဟောပြောခဲ့သော်လည်း ဘိန်းစိုက်ပျိုးနိုင်သဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှု၊ ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြေပြင်သတင်းစုံစမ်းဆောင်ရွက်ခဲ့ရာ တွန်းဇံမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှုရှိကြောင်း သတင်းရရှိခဲ့သည်။

သတင်းရရှိချက်အရ ချင်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြပြီး အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသည့်အဖွဲ့က ကြီးကြပ်ကွပ်ကဲခဲ့သည်။

ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့သုံးဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်မှ စတင်၍ တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့နယ်ခွဲအတွင်း ဒီဇင်ဘာ ၂၄ရက်အထိ ဘိန်းခင်း ၆၇၂ ဒသမ ၈၆ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ခိုးမှုဖြင့်မသင်္ကာဖွယ်အရေးယူထားသူအား စစ်ဆေးရာမှ ဆိုင်ကယ်နှင့် စက်ဘီးခိုးမှုများ ထပ်မံဖော်ထုတ်နိုင်

လှည်းကူး ဇန်နဝါရီ ၃

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက်က ထောက်ကြန့်နယ်မြေ ရဲစခန်းတွင် မသင်္ကာဖွယ်တရားခံကိုဖြိုး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နေသူအား အခြားခိုးမှုများကျူးလွန်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ညပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ဂူကြီးကုန်းကျေးရွာရှိ နေအိမ် ခြံဝင်းအတွင်းမှ FELLING 110 ကျောက်စိမ်းရောင်ဆိုင်ကယ်တစ်စီးကိုလည်းကောင်း၊ ထောက်ကြန့်ရွာမရပ်ကွက်အတွင်းရှိ နေအိမ်ခြံဝင်းအတွင်းမှ FELLING 110 ကျောက်စိမ်းရောင် ဆိုင်ကယ်တစ်စီးကိုလည်းကောင်း ခိုးယူရောင်းချထားကြောင်း ဖော်ထုတ်ရရှိသဖြင့် ထောက်ကြန့်နယ်မြေ ရဲစခန်းက (ပ) ၄၆၈/၂၀၁၃ ပုဒ်မ ၃၈၀/၅၄ ဖြင့် အရေးယူကာ သက်သေခံဆိုင်ကယ်များအား ပြန်လည်သိမ်းဆည်းခဲ့သည်။

ထို့အပြင် ၎င်းသည် လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက်နေ ဝတုတ်(ခ) ရဲလင်းထွန်းနှင့်အတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ညပိုင်းတွင် လှည်းကူးမြို့ မြို့မရပ်ကွက်ရှိ နေအိမ်ခြံဝင်းအတွင်းမှ မီးခိုးရောင် စက်ဘီးတစ်စီးနှင့် အဖြူရောင် စက်ဘီးတစ်စီးတို့ကို လည်းကောင်း၊ လှည်းကူးမြို့ မေယဝတီရပ်ကွက်အတွင်းမှ အစိမ်းရောင် စက်ဘီးတစ်စီးကို လည်းကောင်း ခိုးယူရောင်းချထား ကြောင်း ထပ်မံဖော်ထုတ်ရရှိသဖြင့် ၎င်းတို့နှစ်ဦးအား လှည်းကူးမြို့မရဲစခန်းက(ပ) ၅၇၉/၂၀၁၃ ပုဒ်မ ၃၈၀/၅၄ ဖြင့် အရေးယူကာ သက်သေခံစက်ဘီးတို့ကို ပြန်လည် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

(စိုးဝင်း-MLA)

ခြေကျင်လျှောက်လာသူနှင့် လမ်းဘေးသစ်သားတိုင်အား ဆင့်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူသေဆုံး

ဖြူး ဇန်နဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးချောင်းတောင်ဘက်အနီးတွင် ဖြူးမြို့တွင်းမှ ဖြူးချောင်းဘက်သို့ ခြေကျင်လမ်းလျှောက်လာသူအား ဆိုင်ကယ်ဖြင့် မျက်နှာချင်းဆိုင်တိုက်မိပြီး လမ်းဘေးရှိ ဖြူ နီ ကြားသင်္ကေတသစ်သားတိုင်အား အရှိန်မထိန်းနိုင်ဘဲ ဆက်လက်တိုက်မိကာ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားသော မှုခင်းဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီခွဲတွင် ဖြူးမြို့၊ မြို့မအရှေ့ရပ်ကွက်၊ ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း၊ မိုင်တိုင်အမှတ်-၁၄၂/၄ နှင့် ၁၄၂/၅ ကြား ဖြူးချောင်းတံတားတောင်ဘက်အဆင်း ဇေယျဝတီဘက်မှ ဖြူးမြို့ဘက်သို့ ဦးမြင့်သိန်း (၅၇)နှစ်၊ ကျောက်ကြီးမြို့နယ်နေသူ မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ ဦးလှထွန်း(၅၅)နှစ် စီးနင်းလိုက်ပါလာသော ၂၄/ယ လေ့ဂျား ၁၁၀ အမျိုးအစားအနက်ရောင်ဆိုင်ကယ်သည် ဖြူးမြို့တွင်းဘက်မှ ဖြူးချောင်းဘက်သို့ ခြေကျင်လျှောက်လာသူ မယဉ်ယဉ်အေး(၄၃)နှစ် ဖြူးမြို့ နေသူအား မျက်နှာချင်းဆိုင်ဝင်တိုက်မိပြီး အရှိန် မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဖြူနီကြား အမှတ်အသား သစ်သားတိုင်အား ဆက်လက်တိုက်မိသည်။

ယင်းသို့ တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ ဦးမြင့်သိန်းတွင် ပြင်းထန်စွာ ဒဏ်ရာများရရှိသဖြင့် ဖြူးပြည်သူ့ဆေးရုံ သို့ တင်ပို့စဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးသွားပြီး နောက်မှ လိုက်ပါစီးနင်းသူ ဦးလှထွန်းနှင့်အတိုက်ခံရသူ မယဉ်ယဉ်အေးတို့တွင် ဒဏ်ရာများ အသီးသီးရရှိသဖြင့် ဖြူးပြည်သူ့ဆေးရုံ၌ အတွင်းလူနာများအဖြစ် တက်ရောက်ကုသလျက်ရှိသည်။

ဆိုင်ကယ်အား ပေါ့ဆစွာ မဆင်မခြင်မောင်းနှင်သူ ဦးမြင့်သိန်း(သေဆုံး)အား ဖြူးမြို့ မြို့မရဲစခန်းက ယာဉ်(ပ)၁/၂၀၁၄/၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈ ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဖြူးမြင့်ဦး)

တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃

အမှတ်(၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တာချီလိတ်)မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ရှမ်းပြည်နယ် တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဝမ်လိကျေးရွာနေ ဦးစိုင်းရှုန်(၆၃)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်း၏ဂျာကင်အင်္ကျီအိတ်အတွင်းမှ အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော အိုက်စ် ၁ ဂရမ် (တန်ဖိုးငွေကျပ် ၂၃၀၀၀)နှင့် WY စာတန်းပါလိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ပြား၊ အိပ်ခန်းအတွင်း အိပ်ရာအောက်မှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ပြား စုစုပေါင်းဆေးပြား ၄၉၀(တန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၅ သိန်း)အား သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းရှုန်အား တာချီလိတ်မြို့မရဲစခန်းက မယ(ပ) ၁/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)



သွေးသည်အသက်







သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

ဦးအနီအာမက်[၁၂/ပဘတ(နိုင်)၀၂၃၆၈၅]နှင့် ဒေါ်လှလှအေး[၁၂/ပဘတ(နိုင်)၀၂၃၃၁၆]တို့၏ သမီးဖြစ်သူ မဟီနား(ခ) မယမင်းဖြူ[၁၂/ ပဘတ(နိုင်)၀၂၂၃၁၉]သည် မိဘများ၏ အမိန့် သြဝါဒကို မနာခံဘဲ မိဘပိုင်ရွှေ ငွေလက်ဝတ် လက်စားများယူဆောင်၍ မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိဘများမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးအနီအာမက်-ဒေါ်လှလှအေး

မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံတွင် စီးပွားဖြစ်ဓာတ်ပုံရိုက်ကူးသူနည်းပါးလာ

မကွေး ဇန်နဝါရီ ၃

မကွေးမြို့ဗိုလ်ချုပ်အောင်ဆန်းပန်းခြံတွင် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များ၌ လာရောက်အပန်းဖြေလေ့လာသူ များပြားသော်လည်း Handset နှင့် Tablet များဖြင့်သာ မိမိတို့ဘာသာအမှတ်တရဓာတ်ပုံရိုက်ကူးကြသောကြောင့် ပန်းခြံအထိုင် ဓာတ်ပုံဆရာများအလုပ်မဖြစ်တော့ကြောင်း သိရသည်။ မကွေးမြို့တော်၏သင်္ကေတတစ်ခုဖြစ်သော ဗိုလ်ချုပ်ပန်းခြံကြီးကို ၁၉၈၃ခုနှစ်၊ မတ် ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုကြီးကို ပန်းပုပညာရှင်ဦးစိုးတင့်(အနုပညာမဟာဝိဇ္ဇာဂျာမနီ)အဖွဲ့က ရန်ကုန်မြို့ ဆင်မလိုက်သင်္ဘောကျင်းတွင် သွန်းလောင်းခဲ့ကြောင်း၊ အများပြည်သူများ စိတ်အေးချမ်းသာစွာအပန်းဖြေ အနားယူနိုင်ရန် သစ်ပင်ပန်းမန်များ၊ သစ်သားထီးမိုးခုံတန်းလျားများနှင့် ကလေးကစားကွင်းများကို သေသပ်လှပစွာ ဆောက်လုပ်ခဲ့သည်။ စီးပွားရေးအချက်အချာကျ၍ တက္ကသိုလ်ကျောင်းပေါင်းစုံရာ မကွေးမြို့၏ဗိုလ်ချုပ်အောင်ဆန်းပန်းခြံတွင် လာရောက်အပန်းဖြေသူ များပြားပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည့်အတွက် ဓာတ်ပုံဆရာများအလုပ်ဖြစ်ခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် ဓာတ်ပုံအရိုက်နည်းပါးပြီး ယခင်က ပန်းခြံတွင် အထိုင်ဓာတ်ပုံဆရာဦးရေ ၂၀ ခန့်ရှိခဲ့ရာမှ ယခုအခါ အထိုင်ဓာတ်ပုံဆရာ ၂ ဦးခန့်သာရှိတော့ကြောင်း သိရသည်။ မြို့ခံဓာတ်ပုံဆရာတစ်ဦးက "ပန်းခြံမှာ ဓာတ်ပုံလေလံမရှိဘူး။ ဘာနဲ့ပဲရိုက်ရိုက် အခွန်လွတ်တယ်။ နောက်ပိုင်း

ပန်းခြံလာသူတွေက သူတို့မှာပါလာတဲ့ မိုဘိုင်းဖုန်းတွေနဲ့ရိုက်ကြပါတယ်။ ပန်းခြံထဲက အထိုင်ဓာတ်ပုံဆရာတွေလည်း အလုပ်မဖြစ်တော့လို့ လေလံစနစ်နဲ့ရိုက်ရတဲ့ မြသလွန်ဘုရားပေါ်နဲ့ မကွေးတက္ကသိုလ်ထဲကိုပဲ ပြောင်းထိုင်ကုန်ကြတယ် "ဟု ပြောပြသည်။

(ကျော်စွာ-မကွေး)

ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ဖျာပုံ ဇန်နဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ဆောင်းစပါးစိုက်ပျိုးမည့် တောင်သူများ အခက်အခဲမရှိစေရေးအတွက် ယခုနှစ်ဆောင်းရာသီတွင် ဆောင်းစိုက်ပျိုးစရိတ်ချေးငွေများကို ဒီဇင်ဘာ ၂၄ရက်တွင် နောက်ဆုံးထားကာ အချိန်မီထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖျာပုံဘဏ်ခွဲမှ ဖျာပုံမြို့နယ်အတွင်းရှိ ဆောင်းစပါးစိုက်ပျိုးနိုင်သည့် ကျေးရွာအုပ်စု(၃၇)အုပ်စုမှ လယ်မြေဧက ၄၆၄၃၈ ဧကအတွက် တစ်ဧကလျှင် ကျပ် တစ်သိန်းနှုန်းဖြင့် တောင်သူဦးရေ ၆၇၆၄ ဦးထံ ဆောင်းစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေးပေးခဲ့သည်။

ယခုနှစ် ဆောင်းစပါး စိုက်ပျိုးစရိတ် ထုတ်ချေးပေးရာတွင် မိုးချေးငွေကျေမှ ထုတ်ချေးပေးခဲ့ခြင်းမဟုတ်ဘဲ ဆောင်းစပါးစိုက်ပျိုးရန်အတွက် သီးခြားစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး ယခင်နှစ်က ဆောင်းစိုက်ပျိုးစရိတ်ကို တစ်ဧကလျှင် ကျပ်ရှစ်သောင်းနှုန်းသာ ထုတ်ချေးပေးခဲ့သော်လည်း ယခုနှစ်တွင် မိုးစိုက်ပျိုးစရိတ် ချေးငွေနှုန်းအတိုင်း တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးခဲ့ကြောင်း ဖျာပုံမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာက ပြောကြားသည်။

သူဇာနွယ်(ဖျာပုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး ဆောင်ရွက်နေသော်လည်း လိုက်နာမှုများ အားနည်းနေဆဲ

ဒလ ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် အမှတ်(၄၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရန် နေ့စဉ်ဆောင်ရွက်လျက်ရှိသော်လည်း လိုက်နာမှုအားနည်းနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများထံမှ သိရသည်။

"ယာဉ်မတော်တဆမှုတွေမဖြစ်ဖို့ ကျွန်တော်တို့က နေ့စဉ်စစ်ဆေးနေတယ်၊ အထူးသဖြင့် ဆိုင်ကယ်(ကယ်ရီ)တွေက လိုက်နာမှုအားနည်းနေတုန်းပဲ၊ စစ်နေတာကို လှည့်ပတ်ပြန်ကွေ့မောင်းပြေးကြတယ်၊ စစ်ဆေးလို့ ချလန်ပြစ်ဒဏ်ငွေက ၁၅၀၀ ကျပ်ပဲ၊ ပြန်ကွေ့မောင်းပြေးတော့ တိုက်မှုတွေဖြစ်၊ တချို့ဆို အသက်ပါဆုံးခဲ့ရတာတွေရှိတယ်"ဟု စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒလမြို့နယ်တွင် ဆိုင်ကယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး စစ်ဆေးရာတွင် ဆိုင်ကယ်လိုင်စင်၊ အမောင်းလိုင်စင် စစ်ဆေးခြင်း၊ ဆိုင်ကယ်တစ်စီးတွင် လူနှစ်ဦး တင်ဆောင်မောင်းနှင်ခြင်း၊ ဆိုင်ကယ်ဦးထုပ်များ စနစ်တကျဆောင်းစေရေးတို့ကို စစ်ဆေးကြောင်း သိရသည်။

"ဆိုင်ကယ်တွေကို စစ်ဆေးတာ စနစ်တကျရှိစေချင်တာပါ၊ ပြစ်ဒဏ်ရရှိရေးထက် အသိရှိရေး ရည်ရွယ်တာပါ၊ ဆိုင်ကယ်ကို သတ်မှတ်စည်းကမ်းတွေနဲ့ မောင်းနှင်ရင် အသက်အန္တရာယ်ကင်းတာပေါ့"ဟု ဒုရဲမှူးအေးဝင်းက ပြောသည်။

ဒလမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျရှိစေရေးအတွက် အမှတ်(၄၉) ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးဝင်းနှင့် တပ်ဖွဲ့ဝင်များက နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝင်းဥ)

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံ Mr. University &Miss University ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံမှ ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲများကို သက်ဆိုင်ရာတက္ကသိုလ်နှင့်ကောလိပ်အသီးသီးတို့တွင် ဇန်နဝါရီလ၌ ကျင်းပမည်ဖြစ်သည်။ ထို့အတူ ရန်ကုန်တက္ကသိုလ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲများမှ အကောင်းဆုံးဆုရကာယဗလမောင်နှစ်ဦးစီနှင့် ကာယအလှမယ်နှစ်ဦးစီတို့ကို ရွေးချယ်ပြီး ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ (အောက်မြန်မာပြည်)အတွက် (၂၀၁၃-၂၀၁၄ ပညာသင်နှစ်) Mr.University & Miss University ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

မူလာရှီးဒီကျေးရွာ၌ (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံပန္နက်တင်

ပူတာအို ဇန်နဝါရီ ၃

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်ရှိ မူလာရှီးဒီစံပြကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁နာရီတွင် အဆိုပါတိုက်နယ်ဆေးရုံ တည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။

အဆိုပါ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံသစ်မှာ (၁၂၆ × ၁၃၀)ပေ RC တစ်ထပ်အမျိုးအစားဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ပုံငွေမှခွင့်ပြုခဲ့ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာ့ကြယ်စင်လင်း ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-156(2013-2014)	Gas Detector Equipment with Complete Accessories	(2) Sets	US$
(၂)	IFB-157(2013-2014)	N 69 & GD 75 Swivel Complete Sets	(2) Items	US$
(၃)	IFB-158(2013-2014)	Assorted Sizes of ERW Steel Line Pipes (API 5L Grade X42, 3LPE Coated) & Pipe Accessories	(1) Lot	US$
(၄)	IFB-159(2013-2014)	Welding Electrode	(3) Items	US$
(၅)	IFB-160(2013-2014)	50 Ton Tractor with Low Bed Trailer	(2) Units	US$
(၆)	IFB-161(2013-2014)	Assorted Sizes of Tri-Cone Rock Bits & PDC Bits	(5) Items	US$
(၇)	IFB-162(2013-2014)	10 Ton Dump Truck	(1) Unit	US$
(၈)	IFB-163(2013-2014)	CAT D 3508 Engine	(3) Nos	US$
(၉)	DMP/L-048(2013-2014)	Electrical Spares for ZJ 70L Drilling Rig	(4) Items	Ks
(၁၀)	DMP/L-049(2013-2014)	Portable Fire Pump, Transformer Welding Set & Gas Cutting Torch	(3) Items	Ks
(၁၁)	DMP/L-050(2013-2014)	Geological Survey Instruments & Mud Testing Equipments	(1) Lot	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Spare Parts for Geological Machinery	1 Lot

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) အား ၉-၁-၂၀၁၄ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည် အကြောင်းကြားပေးမည်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) အား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀ နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Copier Toner (Sharp) (202ST)	(၃၀)ခု
(ခ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (A4)	(၃၂၀၀)ထုပ်
(ဂ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (A3)	(၅၀)ထုပ်
(ဃ)	နိုင်ငံခြားစက္ကူ (70 gsm) (1K Plus) (Legal)	(၁၀၀)ထုပ်

တင်ဒါပိတ်ရက်နှင့်အချိန် ၂၇-၁-၂၀၁၄ ရက် ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ်(၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၃၇၇

ပဲခူးမြို့အလှဂုဏ်ဆောင်လိပ်ပြာကန်ပေါင်ပေါ် ပဲခူးသားတို့ ပျော်ရွှင်စွာအပန်းဖြေ လမ်းလျှောက်

စည်ပင်သာယာရေးအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မိမိဘဏ္ဍာငွေအပြင် မြို့မိမြို့ဖစေတနာရှင်အချို့၏ လှူဒါန်းငွေဖြင့် မြောက်ဘက်ကန်ပေါင်ကို စတင်တည်ဆောက်ခဲ့ပါသည်။ ကွန်ကရစ်လမ်းခင်း၍ ပန်းအလှပေါင်များ တည်ဆောက်ပြီး လှပဝေဆာအောင် စိုက်ပျိုးပါသည်။ ကန်ပေါင်တွင် စတီးလက်ရန်းများ တပ်ဆင်ပါသည်။ မီးတိုင်များကို အသစ်လဲလှယ်၍ ထိန်ထိန်ညီးအောင် မီးထွန်းပေးခဲ့ပါသည်။ ပဲခူးမြို့သူမြို့သားများသည် သူတို့ချစ်သော လိပ်ပြာကန်ကို ကျောခိုင်းထားရာမှ စောင်းငဲ့၍ ကြည့်လာကြပါသည်။ လေညင်းခံလာရောက်သူအချို့ ရှိလာပါသည်။

ထို့နောက်တစ်ဖန် အနောက်ဘက်ကန်ပေါင်ကို ကွန်ကရစ်ခင်းပြီး မြောက်ဘက်ကန်ပေါင်ကဲ့သို့ အလှဆင်ပါသည်။ ပိုမိုထူးခြားသည်မှာ ကန်ပေါင်ရိုးတစ်လျှောက်ရှိ ထန်းပင်များတွင် ရောင်စုံမီးများ အလှဆင်ထွန်းညှိခြင်းဖြစ်ပါသည်။ မြို့သူမြို့သားများ လေညင်းခံရင်း လမ်းလျှောက်သူများ ပိုမိုများပြားလာပါသည်။

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြောက်ဘက်ကန်ပေါင်နှင့် အနောက်ဘက်ကန်ပေါင်တွင်သာ ရပ်တန့်မနေဘဲ အရှေ့ဘက်ကန်ပေါင် ဆက်လက်တည်ဆောက်ပြန်ပါသည်။ စတီးလက်ရန်းနှင့် အလှအပများ ဆင်ပြီးနောက် ရောင်စုံမီးများ ထွန်းညှိလိုက်သောအခါ ပဲခူးသူ၊ ပဲခူးသားများ လိပ်ပြာကန်ကို သတိမပြုမိဘဲ မနေနိုင်ကြတော့ပါ။ ဆောင်းရာသီဖြစ်သည်နှင့်အညီ နံနက်ခင်း၊ ညနေခင်းတို့တွင် လိပ်ပြာကန်ပေါင်ရိုးပေါ်၌ ပဲခူးသူ၊ ပဲခူးသားတို့ ပျော်ရွှင်ကြည်နူးစွာ အနားယူအပန်းဖြေ လမ်းလျှောက်လျက်ရှိနေကြပါပြီ။ နောက်ဆုံးကျန်သော တောင်ဘက်ကန်ပေါင်ရိုးကိုလည်း ဆက်လက်ပြုပြင်တည်ဆောက်လျက်ရှိရာ ဒီဇင်ဘာလအကုန်တွင် ပြီးစီးပါတော့မည်။ (လိပ်ပြာကန်၏အလှကို အကျည်းတန် အရုပ်ဆိုးစေသော အရှေ့ဘက်ကန်ပေါင်ထောင့်မှ အမှိုက်ပုံ၊ ညခင်းများတွင် မူးယစ်သောက်စားပျော်ပါးကြပြီး စားကြွင်းစားကျန်များနှင့် ပုလင်းခွံများကို ကန်ပေါင်ပေါ်နှင့် ကန်အတွင်းသို့ စွန့်ပစ်ခဲ့သော စည်းကမ်းမဲ့များ၊ အရှေ့ဘက်ကန်ပေါင်ပေါ်တွင် စက်ဘီး၊ ဆိုင်ကယ်စီးသူများ၊ မျက်စိပသာဒဖြစ်စေရန် ခြယ်မှုန်းထားသော ဆေးရောင်စုံများပေါ်သို့ စည်းကမ်းမဲ့စွာ ကွမ်းတံတွေးထွေးသူများ၊ အနီးအနားရှိ များပြားလှစွာသော ဆိုင်ကယ်အရောင်းဆိုင်များမှ ထုပ်ပိုးခွံစွန့်ပစ်ပစ္စည်းများ ကန်အတွင်းသို့ မရောက်ရှိစေရန်၊ စသည့်မလိုလားအပ်သော မြင်ကွင်းများ မဖြစ်စေရန် စနစ်တကျ အစီအမံအကာအကွယ်များ ပြုလုပ်သင့်ပါသည်။)

ကန်ပေါင်လေးဘက်စလုံးပြီးစီးပါလျှင် အကျယ်အဝန်းအားဖြင့် အရှေ့ဘက်ကန်ပေါင် ပေ ၅၈၀၊ အနောက်ဘက်ကန်ပေါင် ပေ ၅၈၀၊ တောင်ဘက် ကန်ပေါင် ပေ ၆၅၀၊ မြောက်ဘက်ကန်ပေါင် ပေ ၆၆၀ စုစုပေါင်း ပေ ၂၄၇၀ အရှည်ရှိသော လိပ်ပြာကန်ကြီး၏အလှအပသည် ပိုမိုဝံ့ကြွားလာမည်ဖြစ်ပါသည်။ ရေပန်းများလည်း ကန်အတွင်း တပ်ဆင်ဦးမည်ဖြစ်ရာ အလှူရှင် စိန်ဟင်းအရောင်းဆိုင်များ၏ ထည့်ဝင်ငွေ ကျပ်သိန်း ၇၅၀၊ စည်ပင်သာယာရေးဘဏ္ဍာငွေမှ ကျပ် ၁၅၆၂၆၈၀၀၀ စုစုပေါင်း ကျပ်သိန်းပေါင်း ၂၃၁၂သိန်း ကုန်ကျခံ၍ ပဲခူးမြို့၏အလှဂုဏ်ကို မြှင့်တင်ပေးခြင်းအပေါ် အလှူရှင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား ပဲခူးမြို့သူ၊ မြို့သားများက အထူးပင် ကျေးဇူးတင်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ **(စိန်လှိုင်ဗိုလ်)**

နေ့တာတိုပြီး ညတာရှည်လာသည့် ဆောင်းကာလ၌ နိုးတစ်လှည့် မှေးတစ်လှည့်ဖြင့် သံသရာလည်နေရာ ပင်ပန်းနွမ်းလျဖို့ဖြစ်လာသည်။ နေရောင်ခြည် ထိတွေ့မှုနည်းခြင်းက အိပ်စက်ခြင်းကို တွန်းအားပေးသည့် Melatoninဟုခေါ်သော ဟော်မုန်းများကို ဦးနှောက်မှ ပိုမိုထုတ်လုပ်စေသည်။ အကြောင်းမှာ အိပ်စက်ခြင်းဟော်မုန်းထုတ်လွှတ်မှုသည် အလင်းအမှောင်နှင့် ဆက်နွယ်ခြင်းကြောင့်ဖြစ်သည်။ နေဝင်ချိန်စောသည့်အခါ မိမိသည်လည်း စောစီးစွာ အိပ်ရာဝင်ချင်စိတ် ဖြစ်လာခြင်းဖြစ်သည်။ ရာသီဥတုဆိုင်ရာသက်ရောက်မှုများသည် ကျန်းမာရေးအနေအထားအချို့ကို ကစဉ့်ကလျားဖြစ်စေသည်။

နေရောင်ခြည်သည် ဆောင်းရာသီအတွက် ကုထုံးကောင်းတစ်ခု ဖြစ်သည်။ အိပ်ရာနိုးနိုးခြင်း လိုက်ကာ၊ တံခါးများဖွင့်၍ သဘာဝနေရောင်ခြည်ကို ကြိုဆိုပါ။ တတ်နိုင်သလောက် အလုပ်နှင့်အိမ်ကို အလင်းရောင်နှင့် လေကောင်းလေသန့်ရရှိရန် ဆောင်ရွက်ပါ။

အိပ်ရေးပျက်ခြင်းကြောင့်ဖြစ်ပေါ်လာသော ပင်ပန်းနွမ်းလျမှုကို ဗီတာမင်ဓာတ်များနှင့် ကုစားပါ။ ဗီတာမင်ဒီ၏အဓိကအရင်းအမြစ်မှာ နေရောင်ခြည်ဖြစ်သည်။ ငါး၊ ကြက်ဥ၊ အသား၊ ဟင်းရွက်ဆီခဲ၊ ဂျုံနှင့်စပါးတို့မှလည်း ဗီတာမင်ဒီကို ရရှိနိုင်သည်။ နေ့စဉ် အချိန်မှန် အိပ်ရာဝင်၊ အိပ်ရာထသော အကျင့်လုပ်သင့်သည်။ မိမိအိပ်ခန်းသည်လည်း သန့်ရှင်းသပ်ရပ်ကာ အိပ်စက်ရန် သင့်တင့်သော အနေအထားတွင် ရှိသင့်သည်။

နွားနို့များများ သောက်ပါ။ နို့နှင့်နို့ထွက်ပစ္စည်းများတွင် ပါဝင်သော ဗီတာမင်A၊ B12နှင့် ပရိုတိန်းဓာတ်များသည် အရိုးများကို သန်မာစေသည်။ မလိုင်ထုတ်ထားသော နွားနို့ကို သောက်ပေးပါ။ နွားနို့ထဲ သကြား သို့မဟုတ် ဆားမထည့်ပါနှင့်။ ရေကိုလည်း များများသောက်ပေးသင့်သည်။

အသီးအရွက်များများစားပေးပါ။ တစ်နေ့တာ စားသုံးမှုတွင် အသီးအရွက်များပါဝင်ရန် အရေးကြီးသည်။ မုန်လာရွက်၊ မုန်လာဥဝါနှင့် မုန်လာဥတို့ကို ဟင်းချိုလုပ်သောက်ခြင်းသည် မိသားစုအတွက် ဆောင်းရာသီနှင့် ကိုက်ညီသောအစာ တစ်မျိုးဖြစ်သည်။

မိသားစုလိုက် ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ပါ။ အိပ်ရာထဲ လဲလျောင်းနေမည့်အစား မိသားစုလိုက် လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း စသည့် လှုပ်ရှားမှုများ ဆောင်ရွက်ပါ။ ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းသည် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းပေးပြီး ခန္ဓာကိုယ်အား ရောဂါမစွဲကပ်အောင် ကာကွယ်သောစနစ်ကို တိုးတက်ကောင်းမွန်စေသည်။

ငငငင

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
အဌမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ အဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပဥ္စမနှစ် ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသူများနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ပဥ္စမနှစ် အင်ဂျင်နီယာဘွဲ့စာမေးပွဲများနှင့် ဘွဲ့လွန်ဒီပလိုမာ(အချိန်ပြည့်၊ အချိန်ပိုင်း)စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ ယခင်ပညာသင်နှစ်များမှ ဖြေဆိုအောင်မြင်ပြီး ဘွဲ့လျှောက်ထားခြင်းမရှိခဲ့ဖူးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၃။ ကျင်းပမည့်နေ့ - ၈-၂-၂၀၁၄ ရက် (စနေနေ့)
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
ကျင်းပမည့်အချိန် - နံနက် ၈း၀၀ နာရီ
အစမ်းလေ့ကျင့်မည့်ရက် - ၇-၂-၂၀၁၄ ရက် (သောကြာနေ့)
အစမ်းလေ့ကျင့်မည့်အချိန် - နံနက် ၈း၀၀ နာရီ

၄။ ဘွဲ့လျှောက်လွှာပုံစံများကို (၂)လအတွင်း ရိုက်ကူးထားသော (၂"×၁½")အရွယ် ဓာတ်ပုံ(၃)ပုံနှင့် မှတ်ပုံတင်မိတ္တူ(၁)စုံ ပူးတွဲ၍ ၁၅-၁-၂၀၁၄ ရက် နောက်ဆုံးထားပြီး ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ဝယ်ယူဖြည့်စွက်လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ပေးသွင်းရပါမည်။

၆။ ဘွဲ့ဝတ်စုံထောက်ခံစာများကို ၃-၂-၂၀၁၄ ရက်မှ ၅-၂-၂၀၁၄ ရက်ထိ ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ဘွဲ့တက်ရောက်ယူမည့်အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (သို့) အနောက်တိုင်းဝတ်စုံအပြည့်(ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်)နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ရပါမည်။

၈။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မှူးမှူးဝင်းရှိန်
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးချုပ်၊ မော်တော်ယာဉ်ဌာနရှိ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော တာယာအဟောင်းဆိုဒ်စုံ(၁၇၇၂)လုံးနှင့် ဘက်ထရီအဟောင်းဆိုဒ်စုံ(၄၄၈)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံများကို ကြော်ငြာပါသည့်ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်လေလံပိတ်ရက်မှာ ၃၁-၁-၂၀၁၄ ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီ နောက်ဆုံးဖြစ်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးအမှတ်(၂၇)တွင် တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များနှင့် လေလံပုံစံအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ်(၂၇)၊ ဖုန်း-၀၆၇-၄၁၀၃၇၅/၄၁၃၆၈၈ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ အကူအညီဖြစ်သော JICA ODA LOAN ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါလမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန် ပြင်ပကုမ္ပဏီများအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

စဉ်	လမ်းအမည်	ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား
၁။	မကျီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်း	ကွန်ကရစ်လမ်း
၂။	ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း	ကတ္တရာလမ်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၁-၂၀၁၄ ရက်
၃။ တင်ဒါပုံစံ အရောင်းပိတ်မည့်ရက် - ၁၄-၁-၂၀၁၄ ရက်
၄။ ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက် - ၂၁-၁-၂၀၁၄ ရက်
၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၂၈-၁-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီ
၆။ တင်ဒါဖွင့်မည့်ရက် - ၂၈- ၁-၂၀၁၄ရက် မွန်းလွဲ ၁ နာရီ
၇။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀

ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးရင်၊ မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

ဖုန်း-၀၉-၅၀၇၅၈၂၇



မြိတ်မြို့၌ ခေတ်မီအဝေးပြေးကားဝင်း တည်ဆောက်

မြိတ် ဇန်နဝါရီ ၃

မြိတ်မြို့ ခေတ်မီအဝေးပြေးကားဝင်း တည်ဆောက်ရန်အတွက် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ အဆိုပါ အဝေးပြေးကားဝင်းသည် မြိတ်မြို့မြိတ်တောင်ကျေးရွာအုပ်စု ကုန်းဖောက်ကွင်း ကွင်းအမှတ် ၂၃၇ စက်မှုဇုန်သွားကားလမ်းမဘေးတွင် တည်ရှိသည်။ အဝေးပြေးကားဝင်းအား မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ တာဝန်ယူ၍ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီအဝေးပြေးကားဝင်း တည်ဆောက်ရန် မြေဧက ၄၆ ဒသမ ၄၀ ဧကကို မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ခေတ်မီအဝေးပြေးကားဝင်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်လာပါက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကာ ဆင်းရဲမှုများလျှော့ချရေးတွင် အထောက်အကူပြုမှာဖြစ်သည်။

အဆိုပါခေတ်မီအဝေးပြေးကားဝင်း တည်ဆောက်ပြီးစီးပါက မြိတ်မြို့ ဒေသခံပြည်သူများ၏ခရီးသွားလုပ်ငန်းများ၊ ကုန်စည်စီးဆင်းမှုများ ပိုမိုအကျိုးရှိလာမှာဖြစ်ပြီး ကုန်သည်ကူးသန်းရောင်းဝယ်မှုတွေလည်း ပိုမိုတိုးတက်လာမှာ ဖြစ်သည်။

မြိတ်ဒေသ၏ခေတ်မီအဝေးပြေးကားဝင်းသည် မောတောင်နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်လာမှာဖြစ်ပြီး ပြည်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်သောကြောင့် စီးပွားရေးများ တိုးတက်ကောင်းမွန်လာခြင်း၊ လူနေမှုများ အဆင့်အတန်းမြင့်မားလာခြင်းစသော အကျိုးကျေးဇူးများ ရရှိလာမှာဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(မြိတ်)

လွတ်လပ်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်

ဟသ်ာတ ဇန်နဝါရီ ၃

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုအထိမ်းအမှတ် စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို ဟသ်ာတမြို့ (အထက-၁)အခြေခံပညာအထက်တန်းကျောင်း ကျန်စစ်သားဆောင်တွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဟသ်ာတမြို့ပေါ်ရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆု နှစ်ဆုဖြင့် အခြေခံပညာအလိုက် ဆုရရှိသောကျောင်းသားကျောင်းသူများကို ဇန်နဝါရီ ၂ရက်တွင် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

နွေစပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေပေး

ညောင်တုန်း ဇန်နဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ကျေးရွာအုပ်စုပေါင်း ၄၆ အုပ်စုရှိ အစုအဖွဲ့ပေါင်း ၁၀၇၈ ဖွဲ့၏ တောင်သူလယ်သမားဦးရေ ၇၄၂၅ ဦးတို့အတွက် နွေစပါးနှင့် ဆောင်းသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၂၉၈၀၂ ဒသမ ၈ သိန်းအား စီမံကိန်းလျာထားချက်နှင့်အညီ ဒီဇင်ဘာ ၃၀ ရက်က ရာခိုင်နှုန်းပြည့် ထုတ်ပေးနိုင်ခဲ့ကြောင်းကို လက်ထောက်ဦးစီးမှူး ဦးကြည်ဝင်းထံမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ လက်ထောက်ဦးစီးမှူး ဦးကြည်ဝင်းထံမှ “မိမိတို့အနေဖြင့် လယ်သမားများ၏ စိုက်ပျိုးရေးစရိတ်ချေးငွေအားလုံးအား အချိန်နှင့်တစ်ပြေးညီ လုပ်ပေးနိုင်ခဲ့၍ လယ်သမားများနှင့် ထပ်တူဝမ်းသာကြည်နူးရကြောင်းနှင့် စိုက်ပျိုးရေးစရိတ် ချေးငွေအားလုံး ပြန်လည်ကောက်ခံရရှိရေးအတွက် လယ်သမားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထွန်ယက်စိုက်ပျိုးအောင်မြင်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန် နေ့စဉ်ဆုတောင်းပေးရသဖြင့် ကုသိုလ်လည်းရ ဝမ်းလည်းဝရပါကြောင်း ပြောဆိုသည့် ပီတိစကားကို ကြားရသည်။ **(ဝ၇ဝ)**

(၂၇)ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲကို အားကစားနည်း (၃၃)မျိုးဖြင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။ ပြိုင်ပွဲအသီးသီးကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးသဖြင့် အားကစားယှဉ်ပြိုင်မှုများ၊ ဆုပေးပွဲအစီစဉ်များ၊ ကြိုတင်ကျင်းပလျက်ရှိသော အားကစားအသီးသီး၏ ဖွင့်ပွဲပိတ်ပွဲများကို ပြတ်သားကြည်လင်စွာ ကြည့်ရှုအားပေးခွင့်ရသဖြင့် လွန်စွာ ပီတိဖြစ်မိရပါသည်။ ပို၍ ပီတိဖြစ်ရသည်မှာ အားကစားပြိုင်ပွဲများ၏ဆုပေးပွဲအစီအစဉ်တွင် ရွှေရရှိသောနိုင်ငံ၏ နိုင်ငံတော်သီချင်းဖြင့် အလံကို ဆုနေရာအလိုက်ထားရှိပြီး လွှင့်တင်ဂုဏ်ပြုခြင်းအစီအစဉ်ဖြစ်ပါသည်။

ဆက်လက်ထိန်းသိမ်းကြပါစို့

အိမ်ရှင်ပရိသတ်များနှင့် ဆုရအားကစားမောင်မယ်များ ဆုချီးမြှင့်ကြသော တာဝန်ရှိပုဂ္ဂိုလ်ကြီးများမှအားပါးတရ နိုင်ငံတော်သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အမိနိုင်ငံတော်အတွက် ဂုဏ်ယူဝင့်ကြွားစွာဆောင်ရွက်ကြသည်မှာ ရှုမြင်ရသူများအဖို့ အလွန်ဝမ်းသာပီတိ ဖြစ်ရပါသည်။ နိုင်ငံတော်သီချင်းပြီးဆုံးသည်နှင့် တစ်ပြိုင်တည်း ဦးညွှတ်အလေးပြုကြပုံမှာလည်း လူကြီး၊ လူငယ်မရွေး တစ်ပြေးညီ ပြုမူဆောင်ရွက်ကြသည်မှာ ဂုဏ်ယူစရာကောင်းလှပါသည်။ ဤကောင်းမြတ်သောအစဉ်အလာကို SEA Games မှသည် ဆက်လက်၍ မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ လိုအပ်လှပါသည်။

စာရေးသူ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ကြည့်တိုင်း စိတ်မချမ်းမသာဖြစ်ရသည်မှာ အကြိမ်ကြိမ်ဖြစ်ပါသည်။ ပိတ်ကားပြည့်နိုင်ငံတော်အလံလွှင့်သည့်အခါ မတ်တတ်ရပ်အလေးပြုဖို့ရာ ဝန်လေးနေကြသူများကို အမြဲတွေ့မြင်နေရ၍ ဖြစ်ပါသည်။ သူတို့နှင့်မဆိုင်သကဲ့သို့ ရှိနေကြပါသည်။ မလွှဲမကင်းသာရပ်ပြန်ကလည်း သီချင်းပြီးဆုံးသည်အထိ မစောင့်ဘဲထိုင်ချသွားကြပါသည်။ တစ်ခါတစ်ရံ စာရေးသူတို့ညီအစ်မနှစ်ယောက်သာ အစအဆုံး မတ်တတ်ရပ်အလေးပြုခဲ့ရတာ အခါခါပါ။ စာရေးသူတို့ ငယ်စဉ်က နိုင်ငံတော်သီချင်းသံကြားသည်နှင့် တစ်ပြိုင်တည်း စက်ဘီး၊ ဆိုက်ကား၊ ကားယာဉ်အသီးသီးရပ်တန့်၍ သီချင်းပြီးဆုံးပြီးမှ လိုရာခရီးသို့ ဆက်လက်သွားကြတာ အမြဲမြင်တွေ့နေရ၍ ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးခဲ့ပါသည်။

ယခု Sea Games တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ဝင့်ကြွားခွင့်ရခဲ့ပြီဖြစ်ရာ ဤအစဉ်အလာကောင်းကို လက်မလွှတ်တန်း ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်လှပါသည်။ ရွှေဆုရှင် အားကစားမောင်မယ်များ၏ ဆုယူအခမ်းအနားများက ခွန်အားကို ဖြစ်စေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ နိုင်ငံတော်သီချင်း၏အနှစ်သာရကလည်း ပို၍ ပီပြင်လွန်းလှပါသည်။ “တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ တို့ပြည်၊ တို့မြေမှသည် တို့တာဝန်ပေ. . . . အဖိုးတန်မြေအထိ ရင်ထဲလှိုက်ခတ်ခံစားရမှုနှင့်အတူ” ။

ကေကေအောင်(စ်)

လူမှုရေး/စီးပွားရေးကြော်ငြာ





မြေကွက်များဝယ်လိုသည်

ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း အိမ်အရောက်
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၂၅၄၁၁၇၅၈၂





နှလုံးသားတွင် အလှဆင်သည့်ပွဲ

မုံရွာမြို့ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ပိဋကတ်စာကြည့်တိုက်၏ (၁၄)နှစ်မြောက်နှစ်ပတ်လည်အဖြစ် “နှလုံးသားတွင် အလှဆင်ပါ” ဆောင်းပါးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်တွင် ဆုတောင်းပြည့်ဘုရားကြီး ရင်ပြင်တော်ရှိ ဘောဂရုံသီဓမ္မာရုံတော်၌ကျင်းပရာ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသော ဟသ်ာမြေကိုကြီးစိန်အား ဆုတောင်းပြည့်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်က ကျပ်တစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဆုရရှိသူ မချောယဉ်(မိုးညှင်း)အား ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်အောင်က ငွေကျပ် ၈၀၀၀၀ နှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ တတိယဆုရရှိသော အရှင်ရေဝတ (သရက်ကောင်း)အား ငွေကျပ် ၅၀၀၀၀ နှင့်လက်ဆောင်ပစ္စည်းများကိုအသီးသီးပေးအပ်ချီးမြှင့်သည်။ ပိဋကတ်စာကြည့်တိုက်၏ (၁၄)ကြိမ်မြောက်နှစ်ပတ်လည်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို မုံရွာမြို့မှ စာရေးဆရာကြီး ဦးအုံ့မောင်ခေါင်းဆောင်၍ စာရေးဆရာခြိမ့်သဲက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ကာ ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ကျင်းပရာ မြန်မာတစ်နိုင်ငံလုံးမှ စာပေချစ်မြတ်နိုးသူပြိုင်ပွဲဝင်များ ယခုနှစ်တွင် ယခင်နှစ်ထက်နည်းကြောင်း သိရသည်။ စာပေပြိုင်ပွဲနှင့်ပတ်သက်၍ သိလိုသမျှကို ဦးဆောင်ကျင်းပသူဆရာကြီးဦးအုံ့မောင်၊ အတွင်းရေးမှူး ဆရာခြိမ့်သဲနှင့် ဆုရရှိသူများကို မေးမြန်းဖြစ်ခဲ့သည်။

စာရေးဆရာကြီးဦးအုံ့မောင်

မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးရဲ့ ဂေါပကအဖွဲ့က ကျင်းပတဲ့ စာပေပြိုင်ပွဲဟာ ဘုရားကြီးရဲ့ ဂုဏ်တော်၊ တန်ခိုးတော်ကို ကြီးမြင့်စေရုံသာမက စာပေကိုလိုလားကြတဲ့ ပုဂ္ဂိုလ်များရဲ့ အရည်အချင်းကို တိုးတက်စေတဲ့အတွက် ဝမ်းမြောက်ရပါတယ်။ အဲဒီအစဉ်အလာကို ဆက်လက်သယ်ဆောင်သင့်လှပါတယ်။ စာပေပြိုင်ပွဲဝင်ကြတဲ့သူတွေအနေနဲ့ မိမိတို့ရဲ့ အရည်အချင်းကို ပိုပြီးတိုးတက်လာအောင် ကြိုးစားသင့်ပြီး အဓိကကတော့ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်လေ့လာစုစည်းမှုများနဲ့ ကိုယ်ပိုင်စာတွေကို ရေးသားဖို့ရည်သန်သင့်ပါတယ်။ အဲဒီလိုတစ်ဦးချင်းတိုးတက်မှုတွေရလာတာနဲ့အမျှ တစ်နိုင်ငံလုံးတိုးတက်မှုကြီးဖြစ်ပါစေ။ဆုတောင်းပြည့်မြတ်စွာဘုရားကြီးနဲ့တကွ ဗုဒ္ဓသာသနာတော်မြတ်ကြီး ပိုမိုထွန်းလင်းထိန်ဖြာပါစေလို့ဆုတောင်းပါတယ်။

စာရေးဆရာခြိမ့်သဲ

အခုနှစ်မှာ အလွတ်တန်းအဆင့်ပြိုင်ပွဲဝင် ဆောင်းပါး ၃၆ ပုဒ်သာ အရင်နှစ်ကထက်လျော့ပြီး လက်ခံရရှိပေမယ့် စာပေရေးသားမှုအရည်အသွေးမှာ ပိုပြီးသွက်လက်ထက်မြက်လာတာကြောင့် ဆုရွေးရာမှာ အခက်အခဲများနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ ဆုသုံးဆုသာရွေးချယ်ရတဲ့အတွက် ဆုရရှိသူများနဲ့ ပခုံးချင်းယှဉ်နိုင်တဲ့အရည်အချင်းမြင့်အဆင့်မီတဲ့ ဆောင်းပါးကောင်းအတော်များများကို စိတ်မကောင်းခြင်းကြီးစွာနဲ့ ချန်လှပ်ထားခဲ့ရပါတယ်။ ပြိုင်ပွဲရဲ့ အစဉ်အလာအတိုင်းဆုရသူက ရသွားသလို ဆုမရပေမယ့် မရရှိသည်မှာ ဖြစ်မြဲဓမ္မတာမို့ ဆုမရသူများ အနေနဲ့လည်း အားမပျက်ဘဲ အားတက်သရော ဆက်လက်ပြိုင်ပွဲဝင်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ အကဲဖြတ် အမှတ်ပေးသူတွေအနေနဲ့လည်း အသင့်တော်ဆုံး၊ အမှန်ကန်၊ အထိုက်တန်ဆုံးဖြစ်အောင် အမှားအယွင်းကင်းနိုင်သမျှ ကင်းရှင်းစေအောင် အဂတိတရားမလိုက်စားဘဲ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြပါတယ်။

ပထမဆုရ ဟသ်ာမြေ ကိုကြီးစိန်

မြန်မာ့မီးရထားစက်မှုဌာနမှာ စက်ပြင်ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ငယ်စဉ်ကပင် စာပေဝါသနာပါတဲ့အလျောက် စာဖတ်၊ စာရေးတာတွေကို လေ့လာခဲ့ပြီး အခုအခါမှာ နက္ခတ္တရောင်ခြည်၊ ပါရမီ၊ သူရဇ္ဇ၊ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွေမှာ ဂမ္ဘီရဝတ္ထုတိုနဲ့ဆောင်းပါးတွေကို ဧရာမြေကျော်ကလောင်၊မင်းချစ်ကျော်ကလောင်၊ ဘုန်းပြည့်လျှံဝေကလောင် အမည်များနဲ့ ရေးသားနေပါတယ်။ အခုလို ဆုတောင်းပြည့်ဘုရားကြီး ပိဋကတ်စာကြည့်တိုက် (၁၄)နှစ်ပြည့်နှစ်ပတ်လည်ဆောင်းပါးပြိုင်ပွဲမှာ ပထမဆုရရှိတဲ့အတွက် ဂေါပကအဖွဲ့နဲ့အကဲဖြတ်စာပေပညာရှင်ကြီးတွေကို ကျေးဇူးတင်ပါတယ်။ အတိုင်းမသိဝမ်းသာပါတယ်။

ဒုတိယဆုရ မချောယဉ်(မိုးညှင်း)

၂၀၀၉ ခုနှစ်မှာ မူလတန်းကျောင်းအုပ်တာဝန်က အငြိမ်းစားယူခဲ့ပြီး လက်ရှိမှာ ဘာသာရေးမဂ္ဂဇင်းများမှာ ဝတ္ထုနဲ့ဆောင်းပါးတွေကို ရေးသားနေပါတယ်။ ၁၉၆၈ ခုနှစ် အချစ်တော်စာစောင်မှာ မေတ္တာဟူသည် ဝတ္ထုတိုနဲ့စာပေနယ်ထဲရောက်ရှိပြီး သပြေ၊ ပေဖူးလွှာ၊ ရွှေဝတ်မှုန်၊ ရင်ခုန်သံမဂ္ဂဇင်းတို့မှာ ဝတ္ထုတို၊ဆောင်းပါးများရေးသားခဲ့ပါတယ်။

တတိယဆုရ အရှင်ရေဝတ(သရက်ကောင်း)

အခုမှစပြီးစာရေးတာပါ။ စရေးတဲ့စာမူက ဆုရရှိတာဖြစ်ပါတယ်။ အခုလို ဆုပေးတဲ့ဂေါပကအဖွဲ့နဲ့မုံရွာမြို့က စာရေးဆရာကြီးများကို ကျေးဇူးအထူးတင်ပါတယ်။ မုံရွာကို ဆုလာယူရင်း ဂေါပကအဖွဲ့ရဲ့ ကျေးဇူးနဲ့ မုံရွာဝန်းကျင်မှာရှိတဲ့ ဘုရားစေတီတွေကို ဖူးမြော်ခွင့်ရတာပိုပြီး ကြည်နူးကျေးဇူးတင်စရာ အလွန်ကောင်းပါတယ်။

မျိုးဝင်းထွန်း(မုံရွာ)

နေပြည်တော် ပျဉ်းမနားဘိုးဘွားရိပ်သာ၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

နေပြည်တော် ပျဉ်းမနားဘိုးဘွားရိပ်သာ၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် (၂၃)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးကလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဘိုးဘွားရိပ်သာအတွက် အလှူငွေများကို ပျဉ်းမနားဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့ပြီး ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သံဃာတော်နှင့် သီလရှင်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြပြီး ဌာနဆိုင်ရာအသီးသီးမှ လှူဒါန်းသော ငွေပဒေသာပင်မှာကျပ် ၁၄၅၀၄၆၅၀ ရရှိကြောင်း သိရသည်။

သန်းနိုင်(ဇမ္ဗူသီရိ)

စလင်းမြို့နယ် ကံရွာတွင် စက်ရေတွင်းသစ်ဖွင့်

စလင်း ဇန်နဝါရီ ၃

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တောစိမ့်ကျေးရွာအုပ်စု ကံရွာ၌ စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကျင်းပ

စလင်း ဇန်နဝါရီ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ငွေးကုန်းရွာ မျိုးဆက်သစ်စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်မည့် မြေနေရာနှင့် ဓမ္မာရုံတွင် ကျင်းပခဲ့ရာ ငါးသန်ခေါင်းကျေးရွာနှင့် ငွေးကုန်းကျေးရွာပြည်သူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ဦးက စာပေ၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အစ်မတော်စောမွန်လှ နဂါးကိုးကောင်ကုသိုလ်ဖြစ်ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးနှိုးဆော်လွှာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေး-ပြင်ဦးလွင်ကားလမ်းနံဘေးရှိ စောမွန်လှ သစ္စာဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင် ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသား၊ ကျောင်းသူ ၈၅၀ ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင်ဆေးပေးခန်းကြီးကို အလျား ၁၀၈ ပေ၊ အနံပေ ၄၀၊ အာစီကွန်ကရစ်သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များရှိရာ ၁၂ ပေ ပတ်လည်တစ်ခန်းလျှင် ကျပ်သိန်း ၂၀ နှုန်းဖြင့် မိမိတို့တတ်နိုင်သလောက်ဖြစ်စေ၊ မိမိတို့စေတနာရှိသလောက်ဖြစ်စေ အစ်မတော်စောမွန်လှ၊ မြနန်းနွယ်နှင့် နဂါးမယ်တော်ကြီးတို့၏ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀

ရခိုင်သဟာယအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ

ရခိုင်သဟာယအသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများသည် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သက်ကြီးပူဇော်ပွဲတွင် အသက်(၇၅)နှစ်နှင့်အထက် နာယကကြီးများ၊ ဂုဏ်ထူးဆောင်အသင်းဝင်များနှင့် အသက်(၈၀)နှစ်နှင့်အထက် အသင်းဝင်များသည် အပူဇော်ခံနိုင်ရေးအတွက် ၁၂-၁-၂၀၁၄ရက် နောက်ဆုံးထားကာ အောက်ပါပုဂ္ဂိုလ်များအားဆက်သွယ်အမည်စာရင်းပေးကြပါရန် မေတ္တာရပ်ခံနှိုးဆော်အပ်ပါသည်။

ဦးလှမောင်သိန်း- ၀၉-၅၁၃၉၇၉၀၊ ဦးဘသိန်း ၀၉-၅၁၆၂၁၈၇၊ ဦးကျော်ဇောလှ ၀၉-၇၃၂၅၇၆၂၈၊ ဒေါ်လှလှရီ ၀၉-၄၂၀၀၁၀၀၂၀၊ ဦးထွန်းနိုင် ၀၉-၈၅၁၀၄၀၀၊ ဦးဦးမြင့်ကျော် ၀၉-၅၀၆၄၆၅၃၊ ဦးသာမြကျော် ၀၉-၅၁၅၅၄၁၉၊ ဦးမောင်နု ၀၉-၃၁၅၆၅၇၅၃၊ ဦးသန်းထွန်း ၀၉-၅၁၀၄၉၀၁၊ ဦးကျော်ဝင်းခိုင် ၀၉-၅၁၅၇၀၄၈၊ ရုံးဖုန်း ၀၁-၄၃၀၁၇၂

အမှုဆောင်အဖွဲ့

ဒေါ်သာထက် အထက်တန်းကျောင်း (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

ကမာရွတ်ဒေါ်သာထက် အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၈-၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန၊ ဓမ္မာရုံကြီး၊ ဗဟန်း(၃)လမ်းထိပ်၊ ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဖြစ်မြောက်ရေးအဖွဲ့



ဝယ်ယူလိုသည်

ပြန်လည်ရောင်းချရန်အတွက် နိုင်ငံခြားမျိုး ခွေးသားပေါက်များ၊ ငှက်များ၊ ယုန်ပူးများ

ဖုန်း-၀၉-၅၁၈၁၂၈၁၊ ၀၉-၄၃၁၄၁၉၃၉

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းသွယ်ဖွင့်လှစ်

မလှိုင် ဇန်နဝါရီ ၃

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသွယ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မလှိုင်မြို့ ရပ်ကွက်ကြီး(၄) အမှတ်(၅)ရပ်ကွက် ပွဲစားတန်းလမ်းထိပ်ရှိ အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသွယ် ခင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကွန်ကရစ်လမ်းသွယ်ကို မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောက်၊ မလှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းမှာ ရပ်ကွက်အတွင်းရှိ အများပြည်သူနှင့် စေတနာရှင်အလှူရှင်များ၏ထည့်ဝင်ငွေများဖြင့် ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လမ်းအကျယ် ၁၂ ပေ၊ အရှည် ပေ ၁၅၀ ရှိပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၀၂၈၃၅၀ ဖြစ်သည်။ ကျန်ရှိနေသည့် လမ်းအစိတ်အပိုင်းအား ဆက်လက်ခင်းကျင်းနိုင်ရန် မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောက်က ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

လိမ္မော်သီးများ လှိုင်လှိုင်ပေါ်၊ မန္တလေးဈေးကွက်ဝင်ရောက်

မန္တလေး ဇန်နဝါရီ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လိမ္မော်ခြံအများအပြားရှိပြီး စီးပွားဖြစ်စိုက်ပျိုးကြရာ အေးချမ်းသော ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် လိမ္မော်သီးများ လှိုင်လှိုင်ထွက်ရှိပြီး မန္တလေးမြို့ သစ်သီးပွဲရုံများသို့ နေ့စဉ် မော်တော်ယာဉ် ငါးစီးခန့် ဝင်ရောက်လျက်ရှိသည်။

သီပေါလိမ္မော်ခြံများမှထွက်ရှိသော အခွံပါးလိမ္မော်သီးများကို အကြိုက်များပြီး အလုံးအကြီးအသေးပေါ်မူတည်၍ တစ်လုံး ၂၅ ကျပ်မှ ၁၀၀ ဝန်းကျင်ဈေးရှိသည်။ သယ်ယူရလွယ်ကူပြီး စားသုံးသူကြိုက်နှစ်သက်သည့် ပျားလိမ္မော်များလည်း ရှမ်းပြည်နယ် အောင်ပန်းမှ ဝင်ရောက်လျက်ရှိပြီး တစ်ပိဿာ ကျပ် ၂၀၀၀ ဈေးရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်၊ နမ့်ပေါင်ဒေသများမှ လိမ္မော်ခြံများတွင် ယခုနှစ်မိုးများခဲ့သဖြင့် အထွက်နှုန်းနည်းခဲ့သည်။ သစ်သီးပွဲရုံများသို့ ပိဿာ ၁၀၀ ကျပ် ၇၀၀၀၀ နှုန်းဖြင့် ရောင်းချကြသည်။

သီဟကိုကို(မန္တလေး)

တိုက်ကြီး၌ အုတ်ဈေးမြင့်တက်လျက်ရှိ

တိုက်ကြီး ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အုတ်လုပ်ငန်းလုပ်ကိုင်သူများသည် ရန်ကုန်မြို့တော် တည်ဆောက်ရေးလုပ်ငန်းများက အုတ်ဝယ်ယူမှုမြင့်တက်လျက်ရှိခြင်းကြောင့် လက်ရှိအုတ်လုပ်သူများအနေဖြင့် အလျဉ်မီအောင် ထုတ်လုပ်နေကြရကြောင်း သိရသည်။

ရန်ကုန်မြို့တွင် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောက်လုပ်လျက်ရှိ၍ ဈေးကွက်အတွင်း အုတ်ပြတ်လပ်မှုကြုံသဖြင့် ယခုကဲ့သို့ အုတ်များကို အလျဉ်မီအောင် ထုတ်လုပ်လျက်ရှိကြောင်း အုတ်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။ တိုက်ကြီး၌ပင် အထိုင်ဈေး စက်အုတ်တစ်လုံးလျှင် ကျပ် ၈၀၊ လက်အုတ်တစ်လုံးလျှင် ၉၅ ကျပ်ဈေးရှိပြီး ရန်ကုန်အရောက် ကားခ၊ အလုပ်သမားခပါဆိုလျှင် စက်အုတ်တစ်လုံး ကျပ် ၁၂၀၊ လက်အုတ်တစ်လုံး ၁၀၅ ကျပ် ရောင်းရကြောင်း သိရသည်။

အုတ်လုပ်ငန်းရှင်များအနေဖြင့် မိုးတွင်းမိုးများခြင်း၊ အချိန်အခါမဟုတ်မိုးများခြင်းကြောင့် ပျက်စီးမှုကြုံတွေ့ခဲ့ရသော်လည်း ယခု ဝယ်လိုအားကြောင့် ဈေးကွက်ကောင်းမွန်လျက်ရှိပြီး မြို့နယ်တွင်းဆောက်လုပ်လျက်ရှိသော အဆောက်အအုံများပင် အုတ်ရရေးနှောင့်နှေးနေရကြောင်းနှင့် အုတ်သယ်ကားများ အုတ်ဖိုသို့သွားပြီး နံနက် ၄ နာရီတွင် ကြိုတင်စောင့်ဆိုင်းတင်ရပြီး မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ကားထွက်ရကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လက်နှိပ်တုံကင်တွင်းဖွင့်ပွဲကျင်းပ

ငဖဲ ဇန်နဝါရီ ၃

သောက်သုံးရေခက်ခဲလှသည့် ငဖဲမြို့နယ် ဆင်ချည်တိုင်ကျေးရွာအုပ်စု ပေါက်ရင်းတုန်းကျေးရွာ၌ ကျေးရွာပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာအတွင်း လက်နှိပ်တုံကင်တွင်းတူးဖော်ပေးခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ လက်နှိပ်တုံကင်တွင်းတူးဖော်ထားရှိသည့်နေရာ၌ကျင်းပသည်။

အဆိုပါလက်နှိပ်တုံကင်တွင်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှပြုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမင်းသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ကျေးလက်ဒေသဖွံ့ဖြိုးရေး စက်ရေတွင်းဖွင့်ပွဲကျင်းပ

ငဖဲ ဇန်နဝါရီ ၃

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် သိန်း ၄၀ ဖြင့်ဆောင်ရွက်သည့် ကျေးရွာစိုက်ပျိုးရေရရှိရေး စက်ရေတွင်း ရှစ်တွင်းတူးဖော်ခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ငဖဲမြို့နယ် ပင်ဦးကျေးရွာအုပ်စု ညောင်ကိုင်းကြီးကျေးရွာ စိုက်ကွင်းအတွင်း၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇောလှက ကျေးရွာစိုက်ကွင်းများထဲအရောက် စက်ရေတွင်းတူးဖော်ပေးရခြင်းကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး ဒေသခံတောင်သူ ဦးပိုက်တင်က "စိုက်ကွင်းထဲအရောက် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများရဲ့ စေတနာနဲ့ မြို့နယ်မှ စိုက်ပျိုးရေ ရရှိအောင်ဆောင်ရွက်ပေးတဲ့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေကို အထူးပင် ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

သန်းနိုင်ဦး(ငဖဲ)

မြေသားလမ်းသစ်ဖွင့်ပွဲကျင်းပ

စေတုတ္တရာ ဇန်နဝါရီ ၃

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတုတ္တရာမြို့နယ် မကျွပ်ကိုင်းကျေးရွာနှင့် ငဖဲ-စေတုတ္တရာလမ်းကို ဆက်သွယ်ထားသော မြေသားလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ငဖဲ-စေတုတ္တရာ လမ်းပေါ်ရှိ မုခ်ဦးမကျွပ်၌ ကျင်းပသည်။

မကျွပ်ကိုင်းကျေးရွာနှင့် ငဖဲ-စေတုတ္တရာလမ်းကို ဆက်သွယ်ထားသော မြေသားလမ်းသစ်သည် အကျယ် ၁၂ ပေ၊ အရှည် တစ်မိုင်လေးဖာလုံရှိပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် ၃ ဒသမ ၅ သန်း အကုန်အကျခံ ဖောက်လုပ်ခဲ့သဖြင့် မကျွပ်ကိုင်းကျေးရွာမှ စေတုတ္တရာမြို့သို့ မော်တော်ဆိုင်ကယ်ဖြင့်သွားပါက အချိန် ၄၅ မိနစ်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စီးပွားရေးကြော်ငြာ

ဖောင်းကြွပျောက်လျှောက်ထားခြင်းအတွက် သတင်းစာကြော်ငြာထည့်ရန်

ယာဉ်အမှတ် ၄ခ/၁၄၀၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

လှည်းတန်း

Beauty Saloon တွင်

၁။ ညှပ်၊ ကောက်၊ ဖြောင့်၊ ဆေးဆိုး၊ ကျွမ်းကျင် မ(၂)ဦး
၂။ အလုပ်သင် မ(၄)ဦး

Ph:09-73104748, 09-73236098, 09-5173849

အမြန်ဆက်သွယ်ပါ

Japan Kubota ရိတ်သိမ်းခြွေလှေ့စက် (DC 70G) နှင့် Sonalika, John Deere ထွန်စက် (90HP)များကို ရာသီပြတ်ဦးစားပေးစနစ်ဖြင့် ငှားရမ်းပေးမည်။

Ph:01-379707, 09-420096065, 09-73210159

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ်-၂၆၂၊ မြေကွက်တည်နေရာအမှတ်(၂၆၂)၊ ၇-လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သယ်န်းကျွန်း၊ (ဦးလှ)အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဦးလှထံမှအရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ၁။ဦးယုနိုင်[၁၂/သကတ(နိုင်)၀၂၀၁၆၆]၊ ၂။ဦးထွန်းလင်း[၁၂/သဃက(နိုင်)၁၉၀၉၄၂]တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ရောင်းမည် (ပွဲစားမလို)

သယ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ မြေညီထပ် (11'-6" × 50'-0")

ဖုန်း-၀၉-၅၁၁၀၈၈၅

ရောင်းမည်

Chatrium Hotel အနီးရှိ ဖိုးစိန်ကွန်ဒို 3300 Sqft (P.H) အဆင့်မြင့်ပြင်ဆင်ပြီး။

ဖုန်း-၀၉-၅၅၀၆၅၄၈၊ ၀၉-၅၀၇၄၁၄၅

ပြည်တွင်းရေးရာ

မင်းကွန်းယဉ်ကျေးမှုနယ်မြေမှ သမိုင်းဝင် လွတ်လပ်ရေးစေတီတော်ကို ဖူးမြော်ကြည်ညိုနိုင်

စစ်ကိုင်း ဇန်နဝါရီ ၃

သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် မင်းကွန်းဒေသသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးများ နေ့စဉ်လာရောက်လေ့လာဖူးမြော်လည်ပတ်လျက်ရှိသည်။ မင်းကွန်းဒေသတွင် ထင်ရှားသော သမိုင်းဝင်နေရာများစွာ တည်ရှိနေသော်လည်း မင်းကွန်းပုထိုးတော်ကြီးများ၊ ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ မြသိန်းတန်စေတီ၊ စက်တော်ရာစေတီ၊ မိုးမိတ်ကုန်းတော်နှင့် ဓမ္မနာဒကျောင်းတိုက်နှင့် မင်းကွန်းဘိုးဘွားရိပ်သာတို့ကိုသာ အများဆုံးရောက်ရှိ ဖူးမြော်လေ့လာလည်ပတ်ကြကြောင်း သိရသည်။ မင်းကွန်းတွင် မြန်မာလွတ်လပ်ရေးနှင့်အတူ ပေါ်ထွန်းလာခဲ့သည့် သမိုင်းဝင် ပြည်တော်သိမ်းလွတ်လပ်ရေးဓာတုစေတီတော်တစ်ဆူ တည်ရှိနေကြောင်းကို သိရှိသူ အလွန်နည်းပါးကြောင်း သိရသည်။ အဆိုပါ ပြည်တော်သိမ်းလွတ်လပ်ရေးဓာတုစေတီတော် သည် မင်းကွန်းရွာ စိတ္တသုခရွှေဘိုချောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း စံတော်မူကုန်းတော်ပေါ်တွင် ကြည်ညိုဖွယ်တည်ရှိနေကြောင်း သိရသည်။ အဆိုပါစေတီတော်သည် ဉာဏ်တော် ကိုးတောင်ရှိပြီး မင်းကွန်းစိတ္တသုခရွှေဘိုချောင်ကျောင်းတိုက် ဆရာတော်ဦးဝါယမိန္ဒသည် လွတ်လပ်ရေးရရှိတော့မည့် ဇန်နဝါရီ ၃ ရက် ညပိုင်းတွင် တပည့်ဒါယကာ လူအင်အား ၆၀ ကျော်ဖြင့် တစ်ညတည်းအပြီး တည်ထား၍ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တိတိ မြန်မာနိုင်ငံ လွတ်လပ်ရေးကြေညာချိန်တွင် ထီးတော်တင်လှူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါ်ထွန်းတည်ထားခဲ့သည့် ပြည်တော်သိမ်းလွတ်လပ်ရေး ဓာတုစေတီတော်တွင် တည်ထားစဉ်က မြန်မာနိုင်ငံတော်အလံ ငါးလက်ပံ့ကို ထည့်သွင်းတည်ထားခဲ့ကြောင်းသိရပြီး စေတီ



တော်တွင် ကောဇာ ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်နေ့ ပြည်တော်သိမ်းလွတ်လပ်ရေးဓာတုစေတီတော် ဟု ရေးထိုးထားသည်။ နောက်ပိုင်းတွင် ဦးအေးရွှေ ဒေါ်ခင်မမ မိသားစုတို့က မွမ်းမံပြုပြင်ခဲ့ကြောင်း သိရသည်။ မျိုးချစ်စိတ်ဓာတ်ထက်သန်တော်မူလှသည့် မင်းကွန်းစိတ္တသုခရွှေဘိုချောင်ကျောင်းတိုက်ဆရာတော် ဦးဝါယမိန္ဒသည် ၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သွားခဲ့သည့် ဦးစိန်ဝင်း၏ အစ်ကိုတော်စပ်ကြောင်း သိရသည်။

မင်းကွန်းစိတ္တသုခရွှေဘိုချောင်ကျောင်းတိုက်သည် ၁၂၉၀ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ရှေးဟောင်းကျောင်းတိုက်ကြီးဖြစ်သည်။ အဆိုပါ ကျောင်းတိုက်ရှုခင်းသာ စံတော်မူကုန်းတော်ပေါ်တွင် ကြည်ညိုဖွယ်တည်ရှိနေသည့် သမိုင်းဝင် ပြည်တော်သိမ်းလွတ်လပ်ရေးဓာတုစေတီတော်မှာ သက်တမ်း (၆၆)နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ မင်းကွန်းသို့ရောက်ရှိပါက သွားရောက်ဖူးမြော်လေ့လာသင့်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

(နန္ဒမင်းလွင်)

စီးပွားရေးကြော်ငြာ

တိုက်ကြီးမြို့နယ်တွင် ဒေသဝက်များမွေးမြူလျက်ရှိ

တိုက်ကြီး ဇန်နဝါရီ ၃

တိုက်ကြီးမြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် သာယာဝတီ ဥက္ကံမြို့နယ်မှ ဒေသဝက်ပေါက်များကို ခြင်းများဖြင့် ဆိုင်ကယ်ဘေးတွဲကာ ကျေးရွာများအရောက် ရောင်းချလျက်ရှိရာ ဆိုင်ကယ်တစ်စီးလျှင် အနည်းဆုံး ရှစ်ကောင်ပါဝင်ပြီး တစ်ကောင်ကို ငွေကျပ် ၃၅၀၀၀ မှ ကျပ် ၄၀၀၀၀ ထိ သားခွဲဝက်များ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကုမ္ပဏီဝက် (CP ဝက်)ပေါက် တစ်ကောင်ကို အရင်က ကျပ် ၆၅၀၀၀၊ အခုဆိုရင် ကျပ် ၇၀၀၀၀ ကနေ ၇၅၀၀၀ ထိ ဈေးရှိတယ်။ စပ်စာလည်းကျွေးရတယ်။ ရောဂါလည်းအဖြစ်များတယ်။ ရာသီဥတုဒဏ်လည်းခံနိုင်ရည်မရှိဘူး။ ကွန်ကရစ်ခင်းနဲ့ ထားရတယ်။ ဒေသဝက်က ဈေးလည်းချိုတယ်၊ CP ဝက်တစ်ကောင်ဖိုးကို ဒေသဝက်နှစ်ကောင်မွေးလို့ရတယ်။ ဒေသစာကျွေးလည်းရတယ်၊ခံနိုင်ရည်လည်းရှိတယ်။ ဒါကြောင့် ဒေသဝက်ကို မွေးတာပါ" ဟု မွေးမြူသူတစ်ဦးက ပြောပြသည်။

၂၀၁၃ ခုနှစ် တစ်နှစ်လုံးမှာ ဝက်သားဈေးနှုန်း မြင့်တက်လျက်ရှိသည်။ သို့သော် CP ဝက်မွေးမြူသူ ခြံကြီးသမားများ အစာဈေးနှုန်း မြင့်တက်လျက်ရှိခြင်းကြောင့် အကျိုးအမြတ်နည်းပါးကြောင်း မြန်မာနိုင်ငံ အသားထုတ်လုပ် ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးမြင့်သူက ပြောပြသည်။ အစာဈေးနှုန်းမြင့်တက်ခြင်း၊ ဝက်ပေါက်ဈေးနှုန်းမြင့်မားခြင်း၊ ဝက်နားရွက်ပြာရောဂါကြောင့် ဝက်သေမှာ စိုးရိမ်ကြခြင်း၊ အသားတိုးဝက်မွေးမြူသူ နည်းပါးလျက်ရှိခြင်းတို့ကြောင့် အသားတိုးဝက်ဝယ်ယူရန် ခက်ခဲခြင်းများရှိကြောင်း ကုန်ကြမ်းဝက်ဝယ်သူတစ်ဦးက ပြောသည်။

ယနေ့ ဝက်သားဈေးနှုန်းများမှာ တစ်ပိဿာ ကျပ် ၆၀၀၀၊ ကျပ် ၇၀၀၀ ရှိပြီး ဝက်အရှင်ချိန် တစ်ပိဿာလျှင် (CP ဝက်) ကျပ် ၃၈၀၀၊ ကျပ် ၃၉၀၀နှင့် (ဒေသဝက်) တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ၊ ကျပ် ၃၃၀၀ ဈေးရှိသည်။ ကျေးလက်များတွင် ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး စွန့်ပစ်ပစ္စည်းများကျွေးမွေး၍ရသော ဒေသဝက်များကို တစ်အိမ်လျှင် တစ်ကောင်မှ ငါးကောင်၊ ၁၀ ကောင်အထိ မွေးမြူလျက်ရှိကြောင်း သိရသည်။

(ထွန်းလှိုင်-မြိုင်)

အင်းတော်မြို့နယ်အတွင်း ဆောင်းမြေပဲများစိုက်ပျိုး

အင်းတော် ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း တောင်သူများ လယ်မြေများပေါ်တွင် ဆောင်းမြေပဲများ စတင်စိုက်ပျိုးလာကြပြီဖြစ်ကြောင်း သိရသည်။

